မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၃၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၄၀)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကျိုးကို တာဝန်သိသိ တာဝန်ရှိရှိ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ကောင်းသည့် အခွင့်အလမ်းကောင်းများကို လက်မလွတ်တမ်းဆုပ်ကိုင်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တာဝန်သိသိ တာဝန်ရှိရှိ ကြိုးပမ်းဆောင်ရွက်ကြ။

နိုင်ငံတော်ကြီးအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ အစိုးရ၊ တပ်မတော်နှင့်ပြည်သူပူးပေါင်း၍ အောင်မြင်မှုများ မျက်ဝါးထင်ထင် ခံစားနေရပြီ အောင်မြင်မှုကို မျက်ကွယ်ပြုသူအဖျက်သမားများ ပြည်သူတို့လုံခြုံမှုကို ထိပါးသည်အထိ အတင့်ရဲလာ ပြည်သူ့ဆန့်ကျင်ရေး အဖျက်အမှောင့်လုပ်ရပ်မှန်သမျှ ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ တွန်းလှန်

ရန်ကုန် မေ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်းအမှာစကားပြောကြားရာ၌ မောင်တို့မယ်တို့ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချခဲ့သည့် ဘာသာရပ်အသီးသီးကို လေ့လာမှတ်သားခဲ့ကြပြီးဖြစ်သည့်အတွက် မိမိနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် ကမ္ဘာ့ရေးရာကိစ္စများကို ပိုမိုသိမြင်နိုင်စွမ်းရှိလာပြီဟု ယုံကြည်မျှော်လင့်ကြောင်း။

ကျောဖုံးသို့ ●

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၃၁ ရက်)

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများမြှင့်တင် အရှိန်အဟုန်မြင့်မားအောင် နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ချမှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရန် အလေးထား ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတော်၏ဦးဆောင်မှုကိုရယူကာ ကိုယ်ပိုင်စွမ်းအားများဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာ လူ့ဘောင်အဖွဲ့အစည်းများ အားလုံးနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မေလ ၁၆ရက်နေ့မှ ၂၅ရက်နေ့အထိ ကျင်းပခဲ့သော (၅၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများမှ ကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်ပြီး ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါညီလာခံတွင် မြန်မာကျန်းမာရေးကိုယ်စားလှယ်အဖွဲ့က ကမ္ဘာ့ကျန်းမာရေးရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များ၊ ကျောက်ရောဂါပပျောက်ရေးလုပ်ငန်း အစီအစဉ်များ၊ နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အရက်သေစာသောက်သုံးမှုကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်း၍ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၌ လူဦးရေစုစုပေါင်း၏ ၆၇ရာခိုင်နှုန်းသည် မိခင်နှင့် ကလေးငယ်များ ဖြစ်သည်။ ၂၀၀၅ခုနှစ် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်အရ ကလေးငယ်များ သေဆုံးမှုနှုန်းကို သုံးပုံနှစ်ပုံနှင့် မိခင်သေဆုံးမှုနှုန်းကို လေးပုံသုံးပုံအထိလျှော့ချရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊ ဗီတာမင်(အေ) တိုက်ကျွေးရေးလုပ်ငန်း၊ သံဓာတ်ချို့တဲ့မှုမဖြစ်ပွားစေရန် အိုင်အိုဒင်းဖြည့်တင်းရေးလုပ်ငန်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများကို စီမံချက်များ စနစ်တကျချမှတ်၍ ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးမှုနှုန်းသည် လူဦးရေ ၁၀၀၀တွင် မြို့ပြဒေသ၌ ၁ဒသမ၇၈ဦးနှင့် ကျေးလက်ဒေသများတွင် ၂ဒသမ၈၁ဦးသာ ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်များအား မီးမဖွားမီနှင့် မီးဖွားပြီးနောက်ပိုင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များစုစည်း၍ မြို့ပြနှင့် ကျေးလက်ဒေသ ကျန်းမာရေးအဆင့်အတန်းကွာဟမှု မရှိစေရန် အလေးထားစီမံဆောင်ရွက်ပေးလျက် ရှိသည်။

မျက်မှောက်ကာလတွင် ပြည်သူ့ကျန်းမာရေးကဏ္ဍ၏ အရေးပါမှုကို နိုင်ငံတကာက လက်ခံသဘောပေါက်လာကြသော်လည်း ဒေသတွင်းနိုင်ငံများတွင်မူ ပြည်သူ့ကျန်းမာရေးကဏ္ဍသည် မှေးမှိန်မှုရှိနေသေးသည်ကို တွေ့ရသည်။ ပြည်သူ့ကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံတွင်အလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံအချင်းချင်း တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုပေသည်။

သို့ဖြစ်ရာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ မြန်မာနိုင်ငံတွင် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်မှုအရှိန်အဟုန် မြင့်မားစေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုလက်တွဲပူးပေါင်း၍ ကြိုးပမ်းဖော်ဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပဲခူးတပ်နယ် သစ်ပင်ပျိုးပွဲတော် တက်ရောက်အားပေး

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းစစ်ဌာနချုပ် ပဲခူးတပ်နယ်သစ်ပင်ပျိုးပွဲတော် အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်၍ သစ်စေ့များကို ပျိုးထောင်ပေးကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာ တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်မှုဖြင့် သစ်ပင်ပျိုးပွဲတော်များကို ကျင်းပခဲ့သည်မှာ ပဲခူးတပ်နယ်သည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

သစ်ပင်ပျိုးပွဲတော်များကို တပ်ပိုင်၊ တပ်ခွဲပိုင်၊ မိသားစုတစ်ပိုင်တစ်နိုင် စနစ်တကျ စိုက်ပျိုးသွားနိုင်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံးကပါ စိတ်ပါဝင်စားစွာ စိုက်ပျိုးလာစေရေးအတွက် တပ်များမှ စံပြအဖြစ်ပျိုးထောင်စိုက်ပျိုးသွားနိုင်ရေးအတွက် မိမိတို့တပ်နယ်၊ မြို့နယ်အတွင်းဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်း လှုံ့ဆော်ဆောင်ရွက်သွားစေလိုကြောင်း။

ရန်ကုန်တိုင်းစစ်ဌာနချုပ် အနေဖြင့် တပ်ရင်း၊ တပ်ဖွဲ့များစိမ်းလန်းစိုပြည်ရေးနှင့် စီးပွားရေးကို အထောက်အကူပြုသည့် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် တပ်ရင်းရန်ပုံငွေ တိုးပွားစေပြီး စစ်သည်မိသားစုများ၏ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သစ်ပင်ပျိုးပွဲတော်များနှင့် သစ်ပင်စိုက်ပွဲ တော်များကို စီမံချက်ချမှတ်ပြီး ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပဲခူးတပ်နယ်မှူး ဗိုလ်မှူးကြီးသန့်ဆွေကတပ်နယ်အတွင်း သစ်ပင်များစိုက်ပျိုးပြီးစီးမှုနှင့် သစ်ပင်ပျိုးပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ပဲခူးတိုင်း(အရှေ့) သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးလွင်က သစ်စေ့ပျိုးပင်များ စုဆောင်းထားရှိမှုနှင့် ပျိုးထောင်နည်းစနစ်များကိုလည်းကောင်းရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့်ဧည့်သည်တော်များသည် သစ်တောဦးစီးဌာနမှ ပြသထားသည့် လောင်စာချွေတာသည့် စွမ်းအားမြင့်အေဝမ်းမီးဖို၊ သစ်စေ့နမူနာများ၊ သစ်ပင်ပျိုးထောင်မှုနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ ကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားရှိသည့် စိုက်ပျိုး ရေးပညာပေးစာအုပ်များ၊ ပျိုးပင်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပ စ္စည်းကိရိယာများနှင့် ဆေးဝါးများ၊ စိုက်ပျိုးမြေအမျိုးအစားနှင့် စပါးမျိုးကောင်း မျိုးသန့်နမူနာများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထည့်သွင်းပျိုးထောင်ပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် ဧည့်သည်တော်များသည် မဟော်ဂနီ၊ မန်ကျည်း ၊ ခရေ၊ ကုက္ကိုပင် သစ်စေ့များကို ပျိုးထုပ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးပြီး ကျွန်း၊ ပျဉ်းကတိုးပင်များကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့သည် သစ်ပင်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ကျွန်းပင်နှင့်ခရေပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယနေ့ကျင်းပသည့် ပဲခူး တပ်နယ်သစ်ပင်ပျိုးပွဲတော်တွင် ရတနာတန်းဝင်ပင်၊ စီးပွားဝင် နှစ်ရှည်ပင်၊ နှစ်ရှည်စားသုံးပင်၊ အရိပ်ရလေကာပင်နှင့် ပန်းအလှပင်များ၏ ပျိုးပင်ပေါင်း ၅၆၀၀၀နှင့် မျိုးစေ့ပေါင်း ၄၂၀၀၀ ပျိုးထောင်စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

လဂွမ်းပြင်ရေလှောင်တမံ

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၁၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာအနီး၌ လဂွမ်းပြင် ရေလှောင်တမံမှ ရေကို ပင်မတူးမြောင်းကြီးမှ တစ်ဆင့် ကျီးကန်းသိုက်၊ စိုင်တီကုန်း၊ အလံတစ်ဗိုလ်ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လယ်မြေဧက ၁၁၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် ရန်ကုန်–ပဲခူးခြောက်လမ်းသွားလမ်းမကြီးကိုဖြတ်၍ အရှည်ခုနစ်မိုင်ရှိ လက်တံ(၁) မြောင်းမကြီး ပြုလုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လဂွမ်းပြင်ရေလှောင်တမံမှရေကို လက်တံ(၁)မြောင်းမ ကြီးမှတစ်ဆင့် သွယ်ယူ၍ စိုက်ပျိုးရေပေးဝေခြင်းဖြင့် ဒေသခံတောင်သူလယ်သမားများအတွက် နွေစပါး၊ ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ပြီး ဒေသတစ်ခုလုံး တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက်လည်း များစွာအထောက်အကူ ပြုမည်ဖြစ်သဖြင့် သတ်မှတ်ထားသည့် ရေသောက်ဧကအတိုင်း စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် အင်းထားဝယ်ကျေးရွာအနီးရှိ ရဲမွန်လမ်းဖြတ် ရေပေးအဆောက်အအုံသို့ရောက်ရှိလာပြီး အရှည်၁၀ဒသမ၇၆မိုင်ရှိ လဂွမ်းပြင်ရေလှောင်တမံ ပင်မတူးမြောင်းကိုကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပင်မမြောင်းမကြီးပေါင်တစ်လျှောက် အစဉ်ကြံ့ခိုင်မှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊ ရာသီမရွေးသွားလာနိုင်ရေးအတွက် မြေသားပေါင်တစ်လျှောက် ဂဝံလမ်း ခင်းကျင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ဆည်ရေ အလေအလွင့် မရှိစေရေး ထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဒါန်း

မေ ၃၀ ရက်က ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ၂၀၀၅–၂၀၀၆ ပညာသင်နှစ် လှိုင်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အထက(၁) လှိုင် ဘုရင့်နောင်ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ခင်က မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီထံ အလှူငွေ ကျပ် ၅၂၀၀၀၀ လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၃၁–၅–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် Landforms, Earth Structure and Tectonic Processes (ဒုတိယနှစ်–ပထဝီဝင် အထူးပြု)
- ၅း၂၅ ၉။ ပညာခေတ်
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း”** (အပိုင်း–၂၂)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟောဝန်က သိုင်းလုလင်”** (အပိုင်း–၂၄)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးပစ္စည်းများအတွက် အလှူငွေကျပ် သုံးသိန်းကိုးသောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများ လက်ခံရယူစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆေးရုံများသို့ အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် အုပ်စု လေးစုခွဲ၍ မသမာသူအဖျက်သမားများ၏ ရက်စက်ယုတ်မာမှုကြောင့် ဗုံးပေါက်ကွဲရာတွင် ဒဏ်ရာရရှိကြသော လူနာများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆေးဝါးများနှင့် လူနာခုတင်ရှစ်လုံးကိုလည်းကောင်း၊ ပြည်နယ်၊တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများမှ ပေးအပ်လှူဒါန်းသော အလှူငွေကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ယင်းသို့ ပေးအပ်လှူဒါန်းရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးပစ္စည်းများအတွက် လှူဒါန်းငွေကျပ်သုံးသိန်းကိုးသောင်း၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ငွေကျပ်သုံးသိန်း၊ မြောက်ဥက္ကလာပဆေးရုံကြီးသို့ဆေးဝါးများ၊ လူနာခုတင်ရှစ်လုံးနှင့် ငွေကျပ်သုံးသိန်း၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ငွေကျပ် ၃၈၀၀၀ နှင့် လူနာ ၃၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၈၀၀၀ နှုန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ မသမာသူအဖျက်သမားများ၏ ရက်စက်ယုတ်မာမှုကြောင့် ဗုံးပေါက်ကွဲရာတွင် ဒဏ်ရာရရှိကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသနေသည့် လူနာများအား အလှူငွေများပေးအပ်လှူဒါန်းပြီး တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

အရှင်အာစာရလင်္ကာရ မွေးနေ့နှင့်သိက္ခာထပ်အလှူပွဲ ကျင်းပမည်

ရန်ကုန် မေ ၃၀

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရလင်္ကာရ၏ သက်တော်(၃၇)နှစ်ပြည့် မွေးနေ့အလှူတော်ပွဲ၊ မွေးမယ်တော်ကြီးနှင့် စာချဆရာတော်များအား ပူဇော်ကန်တော့ပွဲ၊ ဦးအောင်မင်း-ဒေါ်စန်းစန်းမြိုင်၊ မယ်တော်ကြီးဒေါ်ညို၊ ဒေါ်သန်း၊ ဒေါ်ညွန့်၊ မေဦးစစ်သိန်း-ဒေါ်စန်းစန်း၊ ဦးအောင်ကြီး-ဒေါ်ခင်ဝင်းမာ၊ ဦးကိုကိုဦး-ဒေါ်နန်းနီလာဝင်းမိသားစုတို့ သိက္ခာထပ် မင်္ဂလာပွဲများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားအနီး တနင်္ဂနွေထောင့်ရှိ ပေါက်တန်းဒိတ်ကုန်းကျောင်းတိုက်၌ ဇွန် ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းလုပ်ငန်း အောင်မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားတွင် ဆုရရှိသော အရာထမ်းတစ်ဦးအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်စဉ်။ (သစ်တောရေးရာ)

စီမံကိန်းလုပ်ငန်းအောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ ညနေပိုင်းတွင် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ သစ်တောဦးစီးဌာန(ရုံးချုပ်) တော်ဝင်ခန်းမ၌ကျင်းပသည့် သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၄-၂၀၀၅ခုနှစ် စီမံကိန်းလုပ်ငန်းများ အောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ သစ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးက ဂုဏ်ပြုဆုများနှင့် မှတ်တမ်းလွှာများကို ပေးအပ်ရာ တရားမဝင်သစ်များ ဖော်ထုတ်ဖမ်းဆီးခဲ့ကြသည့် အရာထမ်းများအားလည်းကောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ် ကျွန်းအထူးစိုက်ခင်းဆုအတွက် ဧရာဝတီတိုင်း ညွှန်ကြားရေးမှူး ဦးဝင်းမြင့်အားလည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းဆုအတွက် မကွေးတိုင်း ညွှန်ကြားရေးမှူး ဦးကိုကိုလတ်အားလည်းကောင်း ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးသန်းဆွေနှင့် ဦးထွန်းထွန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ် ဦးဝင်းကြည်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ဆက်လက်ပေးအပ်ကြပြီး အခမ်းအနားအပြီးတွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၃၀-၅-၂၀၀၅

မကွေး

၄၃ ဒီဂရီစင်တီဂရိတ်

(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်

၃၄ ဒသမ ၇ ဒီဂရီစင်တီဂရိတ်

(၉၅ ဒီဂရီဖာရင်ဟိုက်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက စီစဉ်ကျင်းပသော အသိပညာပေးဟောပြောပွဲကို မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ပြတိုက်အုပ်ချုပ်မှုဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီးဒေါ်စန်းစန်းဝေနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ ဇနီး ဒေါ်ခင်မေစိုးနှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့၏ ဇနီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုဝင်များ စုစုပေါင်း ၂၃၀ ကျော်တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးထုစွမ်းအားစုဖြင့် တိုင်းကျိုး ပြည်ပြုလုပ်ငန်းများ ဆောင်ရွက်ရေးအကြောင်း သိကောင်းစရာများကို ဟောပြောကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (ပြည်ထဲရေး)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၅(အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ကျန်းမာရေးအတွက် သန့်လေးသန့်
၇:၃၀	တေးဂီတအစီအစဉ်
၇:၃၅	တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
၇:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇:၅၀	တေးဂီတအစီအစဉ်
၇:၅၅	နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၈:၁၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ဆေးလိပ်အန္တရာယ်
၈:၃၀	မိုးလေဝသခန့်မှန်းချက်
၈:၃၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (အကယ်ဒမီ ခင်ယုမေ)
၉:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	သာယာချို့အေး (၃၈)ဖြာမင်္ဂလာတေး
၉:၂၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	ဆေးလိပ်ဆေးရွက်ကြီး ဆန့်ကျင်ရေး ကျန်းမာရေးပညာရှင်များဦးဆောင်ပေး
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	Sunday Talk
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ဒဟတ်ပန်းတစ်ခိုင်
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

တပ်ဆင်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ မော်တော်ယာဉ်စက်ရုံတစ်ရုံတွင် အမျိုးသမီးဝန်ထမ်းတစ်ဦး မော်တော်ယာဉ်အစိတ်အပိုင်းများ တပ်ဆင်နေသည်ကို မေ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပြင်းပြင်းထန်ထန် ကြိုးပမ်းရန် နိုင်ငံတစ်ဝန်းသို့ တရုတ်ထိပ်တန်းခေါင်းဆောင်များ တိုက်တွန်း

ပေကျင်း မေ ၂၉

ဆင်းရဲနွမ်းပါးမှုကို လျှော့ချရေး ပြင်းပြင်းထန်ထန်ကြိုးပမ်း အားထုတ်ကြရန် တရုတ်ထိပ်တန်းခေါင်းဆောင်များက တစ်နိုင်ငံလုံးသို့ တိုက်တွန်းလိုက်ကြပြီး ယင်းသည် သမိုင်းဝင်လုပ်ငန်းဆောင်ရွက်ချက် တစ်ရပ်ဖြစ်ကြောင်း အလေးအနက် ပြောဆိုခဲ့ကြသည်။

ဆင်းရဲနွမ်းပါးမှုလျှော့နည်း ပပျောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ တရုတ်အသင်း (စီအေပီအေဒီ)သည်တတိယအကြိမ် အစည်းအဝေးကို ပေကျင်း၌ မေ ၂၇ ရက်နှင့် ၂၈ရက်တွင် ကျင်းပခဲ့သည်။ တရုတ်သမ္မတ ဟူကျင်တောင်နှင့် အခြား ထိပ်တန်းခေါင်းဆောင်များက နိုင်ငံတစ်ဝန်းဆင်းရဲနွမ်းပါးမှုကို ပိုမိုလျှော့ချရေးနှင့်ဆိုင်သော အရေးကြီးသည့် ညွှန်ကြားချက်များကို ပေးခဲ့ကြသည်။

ပြောကြား

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် လိုက်လျောညီထွေမှုရှိသော ဆိုရှယ်လစ်လူ့အဖွဲ့အစည်း တစ်ရပ်ထူထောင်ရာတွင် အရေးကြီးကြောင်း သမ္မတဟူကျင်တောင်က အလေးအနက်ပြောကြားခဲ့သည်။

လိုအပ်

ဆင်းရဲနွမ်းပါးသည့် ဒေသရှိပြည်သူများ ချမ်းသာကြွယ်ဝစေရန် အထောက်အကူပြုရာတွင် ပါတီ၊ အစိုးရအဖွဲ့နှင့် လူ့အလွှာအားလုံး ပူးပေါင်းကြိုးပမ်းဖို့ အမြန်ဆုံး လိုအပ်သည်ဟုသမ္မတဟူကပြောကြားသည်။

စီအေပီအေဒီအား ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးတွင် အဓိကအင်အား တစ်ရပ်အဖြစ် ဖော်ပြရာ၌ ငွေကြေး၊ နည်းပညာနှင့် ပြန်ကြားရေးဝန်ဆောင်လုပ်ငန်းများ၊ လေ့ကျင့်သင်ကြားမှုနှင့် အလုပ်သမားအင်အားများကို ဆင်းရဲနွမ်းပါးသည့် ဒေသ၌ရွှေ့ပြောင်း လုပ်ကိုင်စေရာတွင်လည်းကောင်း၊ နိုင်ငံတကာဆိုင်ရာ အပြန်အလှန် ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် လည်းကောင်း အသင်းအနေဖြင့် တက်ကြွသောအခန်းကဏ္ဍမှလုပ်ဆောင် သွားရန် သမ္မတဟူကတိုက်တွန်းလိုက်ပြီး သို့မှသာ နိုင်ငံ၏ဆင်းရဲနွမ်းပါးမှု ကျယ်ပြန့်စွာလျှော့ကျမည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သူ ဧပြီလအတွင်း၌ ခုနစ်သိန်းကျော်ရှိခဲ့

စင်ကာပူ မေ ၂၈

စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သူ စုစုပေါင်းသည် ဧပြီလအတွင်း၌ ၇၀၂၁၇၀ ရှိခဲ့ရာ ပြီးခဲ့သည့်နှစ်အလားတူထက် ၇ ဒသမ ၅ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့(အက်စ်တီဘီ)က မေ ၂၇ ရက် သောကြာနေ့၌ ထုတ်ပြန်သည့် ကိန်းဂဏန်းအရ သိရသည်။

ထိုလာရောက်လည်ပတ်သူ စုစုပေါင်းအနက် ၆၉၀၀၀မှာ တရုတ်နိုင်ငံမှ ဖြစ်ပြီး အင်ဒိုနီးရှားနှင့် မလေးရှားမှ ၁၃၂၀၀၀နှင့် ၄၈၀၀၀ ဧပြီလထဲ၌ အသီးသီး လာရောက်လည်ပတ်ခဲ့ကြသည်။

အများဆုံး

စင်ကာပူနိုင်ငံသို့ ဧပြီလထဲ၌ အများဆုံးလာရောက်သည့် နိုင်ငံများတွင် အင်ဒိုနီးရှား၊တရုတ်၊မလေးရှား၊ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်ပြီး စုစုပေါင်း လာရောက်လည်ပတ်သူများ၏ ၄၈ရာခိုင်နှုန်းမျှရှိသည်။

ပိုမို

ဧပြီလအတွင်း စင်ကာပူနိုင်ငံသည် ခရီးသွားလုပ်ငန်း၌ အမေရိကန်ဒေါ်လာ ၅၁၇သန်းခန့် ရရှိခဲ့ရာ ၂၀၀၄ခုနှစ် ဧပြီလထက် ၁၇ရာခိုင်နှုန်း ပိုမိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်၊တရုတ်နှင့် တောင်ကိုရီးယားသမိုင်းပညာရှင်များ အလယ်တန်းကျောင်းသုံး သမိုင်းဖတ်စာအုပ်ထုတ်ဝေ

တိုကျို မေ ၂၈

ဂျပန်၊ တရုတ်နှင့်တောင်ကိုရီးယားနိုင်ငံတို့မှ သမိုင်းပညာရှင်များနှင့် သမိုင်းဆိုင်ရာအဖွဲ့အစည်းများသည် ယင်းနိုင်ငံများ၏ သမိုင်းဆိုင်ရာများကို အခြေခံလျက် ကျောင်းသုံးသမိုင်းဖတ်စာအုပ် တစ်အုပ်ကို ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မေ၂၈ရက်က ဖော်ပြသည်။

မေ ၂၇ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ယင်းစာအုပ်ကို တရုတ်နိုင်ငံအရှေ့ပိုင်း နန်နင်းမြို့၌ ၂၀၀၂ ခုနှစ် မတ်လက စတင်ထုတ်ဝေခဲ့သော သမိုင်းစာအုပ်ကဲ့သို့ ယင်းစာအုပ်ကိုထုတ်ဝေခဲ့ခြင်း ဖြစ်ကြောင်း စာအုပ်ထုတ်ဝေရေးပူးတွဲကော်မတီက ပြောကြားသည်။

အငြင်းပွား

ယင်းကော်မတီသည် ဂျပန်၊ တရုတ်နှင့်တောင်ကိုရီးယားတို့၌ရေးသားထားသော အလယ်တန်းကျောင်းသုံး သမိုင်းဖတ်စာအုပ်ထုတ်ဝေခြင်း မပြုမီ အငြင်းပွားမှုများကိုဖြေရှင်းရန် အစည်းအဝေး(၁၀)ကြိမ်ပြုလုပ်ခဲ့သည်ဟုဆိုသည်။

ပထမဖြစ်

တရုတ်၊ဂျပန်နှင့် တောင်ကိုရီးယားမှ သမိုင်းပညာရှင်များသည် ဘုံသမိုင်းစာအုပ်ထုတ်ဝေရန် ပူးပေါင်းဆောင်ရွက်ကြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၎င်းကော်မတီက ပြောကြားသည်။

ယင်းသမိုင်းစာအုပ်၏ ကိုရီးယားစာမူများကို မေ ၂၆ ရက်က တရားဝင် ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဒေသတွင်းစွမ်းရည်ထက်မြက်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အင်တာပိုညီလာခံက ထောက်ခံသဘောတူညီ

နီကိုးရှား မေ ၂၈

နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပို)၏ (၃၄)ကြိမ်မြောက် ဥရောပဒေသဆိုင်ရာ နှစ်ပတ်လည်ညီလာခံသည် နီကိုးရှား၌ မေ ၂၇ရက် သောကြာနေ့က ပြီးဆုံးသွားခဲ့ပြီး ဒေသရဲအဖွဲ့အတွင်း စွမ်းရည်ထက်မြက်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ထောက်ခံသဘောတူညီခဲ့ကြသည်။

သဘောတူညီ

နိုင်ငံတကာရဲဖွဲ့ (အင်တာပို)နှင့် ဥရောပသမဂ္ဂအဖွဲ့အစည်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရန် အင်တာပိုအတွင်းရေးမှူးချုပ် ရော်နယ်ဟောနီဘယ်သည် ဥရောပရဲဖွဲ့အကြီးအကဲ၏အထူးလုပ်ငန်းတပ်ဖွဲ့နှင့် နီးကပ်စွာပူးပေါင်းလုပ်ဆောင်သင့်ကြောင်း ၄၅ နိုင်ငံမှ ကိုယ်စားလှယ်များက သဘောတူကြသည်။

ထို့ပြင် အချက်အလက်ဝေမျှရေးဆောင်ရွက်မှုအစီအစဉ် စံချိန်စံညွှန်းကိုက်ညီသော လုပ်ငန်းအလေ့အကျင့်များနှင့် ပိုမိုကောင်းမွန်သော ညှိနှိုင်းဆောင် ရွက်မှုပေးရန်လည်း ၎င်းတို့က တိုက်တွန်းကြောင်း ဒေသလူထုဆက်သွယ်ရေးက သတင်းဖော်ပြသည်။

တိုးချဲ့

မေ ၂၅ရက် ဗုဒ္ဓဟူးနေ့က စတင်ခဲ့သော သုံးရက်ကြာအစည်းအဝေးအတွင်း သဘောတူညီသည့် အခြားလုပ်ငန်းများတွင် အကြမ်းဖက်မှုနှင့်ဆက်နွှယ်သော ရာဇဝတ်မှုများတွင် ပူးပေါင်း ဆောင်ရွက်ရန်နှင့် သတင်းဖလှယ်ရန်၊ အင်တာပိုအခြေခံ အချက်အလက်များကို ပိုအသုံးပြုရန်၊ အင်တာပို၏ ကမ္ဘာ့လုံးဆိုင်ရာ ရဲအဖွဲ့ဆက်သွယ်မှုစနစ်ကို တိုးချဲ့အသုံးပြုရန်တို့ပါဝင်သည်။

အမ်အင်အေ၊ ဆင်ဟွာ

တီကရစ်၌ကားဗုံးပေါက်ကွဲ နှစ်ဦးသေ၊ ၁၂ဦးဒဏ်ရာရ

တီကရစ်(အီရတ်) မေ ၂၉

တီကရစ်မြို့လယ်ကောင်ရှိ လူစည်ကားသော ဈေးတစ်ဈေးတွင် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် လူနှစ်ဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲအဖွဲ့က မေ ၂၈ ရက် စနေနေ့တွင် ပြောကြားသည်။

ထောင်ချောက်ဆင်ထားသော ကားဗုံးသည် မေ ၂၇ ရက်သောကြာနေ့ ညပိုင်း၌ ပေါက်ကွဲခဲ့ကြောင်း ရဲဗိုလ်မှူးကြီး အာမက်ဟက်ဆန်က ပြောကြားသည်။

ဒဏ်ရာရသူအချို့မှာ အခြေအနေဆိုးလျက်ရှိရာ သေဆုံးသူဦးရေ တိုးလာနိုင်သည်ဟု ၎င်းက ပြောကြားသည်။ ပေါက်ကွဲမှုကြောင့် ဆိုင်အချို့နှင့်အနီးရှိ အဆောက်အအုံများ ပျက်စီးခဲ့ရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဒေသတွင်းကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရန် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများ သဘောတူညီ

စင်ကာပူ မေ ၂၈

အာရှနိုင်ငံများသည် အမေရိကန်နိုင်ငံအပေါ် မှီခိုမှုနည်းပါးစေရန် ဒေသတွင်း ကုန်သွယ်မှုတိုးတက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုကို အသုံးပြုသင့်ကြောင်း ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများ သောကြာနေ့က သဘောတူညီမှုရရှိခဲ့သည်။

ယင်းတို့သည် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ဝါတန်ဂလုပ်ဘယ်လ်အလမ်နီဖိုရမ်တွင် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးလျက်ရှိကြောင်း နယူးအာရှ သတင်းဌာနက ဖော်ပြသည်။

အာရှနိုင်ငံများသည် ဒေသတွင်း ကုန်သွယ်မှုတိုးမြှင့်ရေးအပေါ်တွင် အာရုံစိုက်သင့်ပြီး အာရှနိုင်ငံများအတွင်း အချင်းချင်း အားပေးမှုများလည်း လိုအပ်လျက်ရှိကြောင်း၊ ယင်းသို့ လုပ်ဆောင်ခြင်းသည် နိုင်ငံတစ်နိုင်ငံအပေါ်တွင် အလွန်အမင်း မှီခိုရမှုကင်းဝေးပြီး အာရှနိုင်ငံများအတွင်း စီးပွားရေးဆိုင်ရာ ပြည်စုံလုံလောက်မှုများအတွက် အကူအညီရနိုင်ကြောင်း ထိုင်းနိုင်ငံဘဏ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကို နားလည်သဘောပေါက်ပြီး လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များသည် အကောင်းဆုံးနည်းလမ်းများဖြစ်သည်ကို တွေ့ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပျက်စီး

အီရတ်နိုင်ငံ ဘဂ္ဂဒက် တောင်ပိုင်း မက်မိုဒီယာမြို့တွင် ကားဗုံးပေါက်ကွဲ မှုကြောင့် ပျက်စီးသွားသော အပျက်အစီးများကို မေ ၂၄ ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေရောင်ခြည်စွမ်းအင်သုံးသဘော်

ဂျပန်နိုင်ငံ အီချီမြို့တွင် ကျင်းပသည့် ကမ္ဘာ့ကုန်စည်ပြပွဲတွင် ကွန်ပျူတာဖြင့် ဒီဇိုင်းရေးဆွဲထားသည့် နေရောင်ခြည်စွမ်းအင်သုံး သဘော်တစ်စင်းကို မေ ၂၉ရက်က တွေ့ရစဉ်။ (လာမည့်အနာဂတ်ကာလတွင် အဆင့်မြင့်နည်းပညာသုံးသဘော်များကို ဂျပန်နိုင်ငံက တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ထိုင်းခရီးသွားလုပ်ငန်း မူလအခြေအနေ ပြန်ရောက်ရှိစေရန် တရုတ်နိုင်ငံအတွင်းမှ ကမ္ဘာလှည့်ခရီးသည်များကို ပို့မိုဆွဲဆောင်

ဗန်ကောက် မေ ၂၉

ထိုင်းနိုင်ငံသည် ခရီးသွားလုပ်ငန်း မူလအခြေအနေအတိုင်း ပြန်ရောက်ရှိစေရန် လုပ်ဆောင်ရာတွင် တရုတ်နိုင်ငံအတွင်းမှ ကမ္ဘာလှည့်ခရီးသည်များ ထိုင်းနိုင်ငံသို့ ဆွဲဆောင်မှုကို တိုးမြှင့်ပြုလုပ်ခဲ့ကြောင်း ဒေသသတင်းစာ ဗန်ကောက်ပို့စ်က မေ ၂၅ရက်၌ ဖော်ပြလိုက်သည်။

ပို့ကုန်တိုးမြှင့်ရေးဌာန ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့တို့သည် တရုတ်နိုင်ငံ၏ စီချွမ်နှင့် ကွမ်တုန် ပြည်နယ်များတွင် ထိုင်းကမ္ဘာလှည့်ခရီးသည်ဆွဲဆောင်မှုကို တိုးမြှင့်ရန် ပူးတွဲလျက်လုပ်ဆောင်ခဲ့ကြသည်ဟု တရုတ်နိုင်ငံခရီးစဉ်အပြီး၌ ဒုတိယဝန်ကြီးချုပ် ဆွမ်ကစ်ဂျာတူဆီရီပီတက်ခ်က ပြောကြားသည်။

ကိုးကားဖော်ပြ

ထိုင်းခရီးသွားလုပ်ငန်း နဂိုအခြေအနေအတိုင်းပြန်ရောက်ရှိအောင် အကူအညီပေးရန် တရုတ်နိုင်ငံက သဘောတူကြောင်း၊ တရုတ်နိုင်ငံသားများ ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်စေရန် တရုတ်နိုင်ငံက အားပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်ဟု ဗန်ကောက်ပို့စ်က ကိုးကားဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



အကြမ်းဖက်ဝါဒနှင့် ရန်လိုသောဝါဒ ကျူးဘားနိုင်ငံ ဆက်လက်တိုက်ပွဲဝင်သွားမည်

ဟာဗားနား မေ ၂၈

ကျူးဘားနိုင်ငံသည် အကြမ်းဖက်ဝါဒနှင့် အမေရိကန်ပြည်ထောင်စု၏ ရန်လိုသောမူဝါဒကို ဆက်လက် တိုက်ပွဲဝင်သွားမည်ဟု ကျူးဘားနိုင်ငံ သမ္မတဖီဒယ်ကတ်စ်ထရိုက ပြောကြားလိုက်သည်။

ကျူးဘားနိုင်ငံကို ဆန့်ကျင်သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့ခြင်းအတွက် အမေရိကန်ပြည်ထောင်စု၌ ဖမ်းဆီးရမိခဲ့သော အစိုးရဆန့်ကျင်ရေးသမားလူဝစ်ပိုဆာဒါကာရင်လက်စ်အား တရားရင်ဆိုင်ရန်ပြန်ခေါ်မည်ဖြစ်ကြောင်း ကတ်စ်ထရိုက မေ ၂၇ရက် သောကြာနေ့၌ ပြောကြားခဲ့သည်။

ပိုဆာဒါအား အကြမ်းဖက်သူအဖြစ် ကျူးဘားနိုင်ငံက သတ်မှတ်ယူဆခဲ့ပြီး အမေရိကန်ပြည်ထောင်စုသို့ တရားမဝင် ဝင်ရောက်ခြင်းကြောင့် အဖမ်းခံရခြင်းဖြစ်ဟန်ရှိသည်။

အမေရိကန်ပြည်ထောင်စု၏ အစဉ်တစိုက် အနှောင့်အယှက်ပြုခြင်းခံခဲ့ရသည့် ကျူးဘားနိုင်ငံ၌ ပြည်တွင်းရေးကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိကြောင်း၊ ပြည်သူလူထု၏ လူနေမှုအခြေအနေများကိုလည်း မြှင့်တင်ပေးနိုင်စွမ်းရှိကြောင်းလည်း ကတ်စ်ထရိုက ပြောကြားသည်။**အမ်အင်အေ၊ဆင်ဟွာ**

လောင်စာဆီနှင့်ငွေကြေးထောက်ပံ့မှု ဂျပန်နှင့်ဘရာဇီးသဘောတူလက်မှတ်ရေးထိုး

ရီယိုဒီဂျနေရိုး မေ ၂၉

လောင်စာဆီတင်ပို့မှုတစ်ခုနှင့် ငွေကြေးထောက်ပံ့မှုဆိုင်ရာ အစီအစဉ်သုံးခုအပေါ် ဂျပန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ သဘောတူညီမှု စာချုပ်လေးခုကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် လက်မှတ်ရေးခဲ့ကြပြီဖြစ်ကြောင်း ဘရာဇီးနိုင်ငံပိုင် ရေနံလုပ်ငန်းတစ်ခုဖြစ်သည့် ပီထရိုဘရက်စ်က မေ ၂၇ရက်၌ ကြေညာသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့ သဘောတူညီချက်ရရှိခြင်းသည် ဂျပန်နိုင်ငံ၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဘဏ်(ဂျေဘီအိုင်စီ)နှင့် ဘရာဇီးနိုင်ငံ၏ ရေနံလုပ်ငန်းတို့အကြား ခိုင်မာသော မိတ်ဆွေဖက်များအဖြစ် ပထမဆုံးပြသလိုက်ခြင်းပင်ဖြစ်သည်။

သဘောတူညီ

ထို့အပြင် ဘရာဇီးနိုင်ငံ ဆောပေါလိုပြည်နယ်ရှိ ရေနံသန့်စင်စက်ရုံ ခေတ်မီအောင် ပြုပြင်ရေးအတွက် ဂျပန်နိုင်ငံမှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၉၀၀ပေးမည့် သဘောတူညီမှုကိုလည်း ရရှိခဲ့သည်။

အဆိုပါ ငွေကြေးရန်ပုံငွေကို ဂျေဘီအိုင်စီ၊ နီပွန်ပြည်ပတင်ပို့မှုနှင့် ရင်းနှီးမြှုပ်နှံမှု(နေဆီ)၊ ဆူမီတိုမိုဘဏ်၊ အိုင်တိုချူလုပ်ငန်းနှင့် မက်ဆူအီတို့က ထောက်ပံ့ဖြည့်ဆည်းပေးမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့စာအုပ်ပွဲတော် စင်ကာပူ၌ဖွင့်လှစ်ပြသ စာအုပ်အမျိုးပေါင်း သုံးသိန်းခန့် ခင်းကျင်းပြသ

စင်ကာပူ မေ ၂၉

စင်ကာပူနိုင်ငံ၌ အကြီးဆုံးပြပွဲအမျိုးအစားဖြစ်သည့် ကမ္ဘာ့စာအုပ်ပွဲ တော် (၂၀၀၅)ကို စင်ကာပူနိုင်ငံတကာဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ပြပွဲဗဟို၌ မေ ၂၈ရက်က ဖွင့်လှစ်ပြသခဲ့သည်။

အဆိုပါကမ္ဘာ့စာအုပ်ပြပွဲတွင် စာအုပ်အမျိုးပေါင်း ၃၀၀၀၀၀ကျော်ပြသထားကြောင်း၊ ယမန်နှစ်ကထက် နှစ်ဆတိုးလာကြောင်း၊ ဇွန်၅ရက်အထိ လာရောက် ကြည့်ရှုသူ ၇၅၀၀၀၀ လာရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၁၂နိုင်ငံမှ ပါဝင်ပြသသည့် ကုမ္ပဏီပေါင်း ၂၀၀က ကလေးများနှင့် သက်ဆိုင်သည့် စာအုပ်များ၊ ကုန်ပစ္စည်းနှင့် မဂ္ဂဇင်းများ၊ ကိုးကားစာအုပ်များ ပြသခဲ့ကြောင်းသိရသည်။ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသောလူ့စွမ်းအား ဝန်ကြီးငှါအင်ဟန်က ပြောကြားရာတွင် လူ့ဘဝအစ ကလေးများအရွယ်တွင် စာအုပ်များဖတ်ရှုသည့် အလေ့အထပြုလုပ်သွားရန်လိုအပ်ကြောင်း၊ ကျောင်းသူကျောင်းသားများ အနာဂတ်အတွက် စာများများဖတ်ရန်လိုကြောင်း ပြောကြားသည်။

ထည့်သွင်းပြသ

အဆိုပါ စာအုပ်ပြပွဲတွင် တရုတ်နိုင်ငံမှ ရှားပါးတံဆိပ်ခေါင်းများ၊ စင်ကာပူ အကြောင်းရေးသားထားသည့် စာအုပ်များလည်း ထည့်သွင်းပြသထားသည်။

အမ်အင်အေ၊ဆင်ဟွာ

လုံခြုံရေးစောင့်ကြပ်

အီရတ်နိုင်ငံတောင်ပိုင်း အမာရာမြို့တွင် လက်နက်ကိုင် တိုက်ခိုက်ရေးသမားတစ်ဦး၏ ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို မေ ၂၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်မရိန်းတပ်ဖွဲ့ဝင် အီရတ်၌သေဆုံး

ဘဂ္ဂဒက် မေ ၂၉

ဘဂ္ဂဒက်အနောက်မြောက်ဘက်ရှိ ဟာဒီသာဒေသတွင် အမေရိကန် စစ်ဘက်ဆိုင်ရာက ထိုးစစ်ဆင်နွှဲစဉ်အတွင်း အမေရိကန် မရိန်းတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က မေ ၂၈ရက် စနေနေ့၌ ပြောကြားသည်။

အဆိုပါမရိန်းတပ်ဖွဲ့ဝင်သည် ၎င်း၏စခန်းအနီး၌ ပြောက်ကျားတစ်ဦးက ကြာသပတေးနေ့တွင် ဒုံးပစ်လောင်ချာဖြင့်ပစ်ခတ်သဖြင့် သေဆုံးခဲ့ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။ ဗုဒ္ဓဟူးနေ့ အစောပိုင်း၌အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်ရာပေါင်း များစွာသည် လေယာဉ်အထောက်အကူယူလျက် ဟာဒီသာဒေသတွင် စစ်သွေးကြွများကို ပိုက်စိပ်တိုက်ရှာ ဖွေခဲ့ကြသည်။

ဟာဒီသာသည် ဘဂ္ဂဒက်အနောက် မြောက်ဘက်ကီလိုမီတာ ၂၀၀ခန့်အကွာ ယူဖရေးတီးမြစ်အနီး၌ တည်ရှိပြီး အီရတ်ရှိ အမေရိကန်တပ်များကို ကာလကြာမြင့်စွာ ဆန့်ကျင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ကွန်ပျူတာ ဆာဗာပစ္စည်းဈေးကွက်ဝင်ငွေ ၂၀၀၅ခုနှစ် ပထမလေးလ၌ ငါးရာခိုင်နှုန်းကျော်တိုးတက်

လော့စ်အိန်ဂျလိစ် မေ ၂၉

ကမ္ဘာ့ကွန်ပျူတာဆာဗာ ဈေးကွက်ဝင်ငွေသည် ၂၀၀၅ခုနှစ် ပထမလေးလတွင် အမေရိကန် ဒေါ်လာ ၁၂ဒသမ၁ဘီလီယံဖိုးရှိကာ လွန်ခဲ့သောနှစ်ကထက် ၅ဒသမ ၃ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း အိုင်ဒီစီက မေ ၂၇ရက်က ပြောကြားသည်။

ချိတ်ဆက်ထားသော ကွန်ပျူတာများသို့ အချက်အလက်များပေးပို့သည့် ကိရိယာဖြစ်သော ကမ္ဘာ့ဆာဗာတင်ပို့ရောင်းချရမှုသည် ယခုနှစ်ပထမလေးလတွင် ၁၃ဒသမ၅ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းတိုးတက်မှုသည် လွန်ခဲ့သောနှစ်နှစ်ကထက် လျော့နည်းကြောင်း အိုင်ဒီစီခေါ် အမေရိကန်အဆင့်မြင့် နည်းပညာဈေးကွက်သုတေသနလုပ်ငန်းက ပြောကြားသည်။

တိုးချဲ့အသုံးပြုလာ

လင်းနော့ဇ်ဆာဗာ တင်ပို့မှုသည် လွန်ခဲ့သောနှစ်ကဝင်ငွေတိုးတက်ရရှိမှု ၃၅ဒသမ ၂ရာခိုင်နှုန်းအပေါ် ဂဏန်းနှစ်လုံးအထိ တိုးတက်ခဲ့ကြောင်း၊ လင်းနော့ဇ်ဆာဗာများကို ကူးသန်းရောင်းဝယ်ရေးနှင့် နည်းပညာဆိုင်ရာ ဈေးကွက်များတွင် တိုးချဲ့အသုံးပြုလာကြောင်း အိုင်ဒီစီက တွေ့ရှိခဲ့သည်။

မိုက်ခရိုဆော့ဖ်ဝင်းဒိုးဆာဗာများသည် လွန်ခဲ့သောနှစ်ကထက် ဝင်ငွေနှင့် သင်္ဘောတင်ပို့မှုမှာ ၁၂ဒသမ ၃ရာခိုင်နှုန်းနှင့် ၁၀ဒသမ ၇ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်။

သို့ရာတွင် ယူနစ်ဆာဗာဝင်ငွေ တိုးတက်မှုသည် ၂ဒသမ ၈ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။

အိုင်ဘီအမ်နှင့် အိတ်ချ်ပီဆာဗာ တင်ပို့မှုတွင် ကမ္ဘာ့နံပါတ်(၁)နေရာကို ယူထားပြီး ၂၈ဒသမ ၃ရာခိုင်နှုန်းနှင့် ၂၇ဒသမ ၆ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မင်္ဂလာဒုံမြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနား ပညာရေးဝန်ကြီး ဦးသန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၃၀

မင်္ဂလာဒုံမြို့နယ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်၉နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၇)အခြေခံပညာအလယ်တန်း ကျောင်းခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ အလှူရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ထို့နောက်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်းက အလှူရှင်များ လှူဒါန်းကြသည့် အလှူငွေများကို လက်ခံပြီး ကျောင်းဝတ်စုံများကို ကျောင်းသူလေးများအား ပေးအပ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌနှင့် ပါမောက္ခချုပ်များက ကျောင်းလွယ်အိတ်များ၊ ကျောင်းသုံးစာအုပ်၊စာရေးကိရိယာများနှင့် အလှူငွေများကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှာစကားပြောကြား

အလားတူ မင်္ဂလာဒုံမြို့နယ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို နံနက် ၁၀နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြဧရာခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစန်းဝင်းက ကျောင်းနေအရွယ်ကလေး ကျောင်းနေရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသန်းက ကျောင်းနေအရွယ်ကလေး ကျောင်းနေရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဦးသန်းအောင်က အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းစဉ်၏ ပထမခြေလှမ်းဖြစ်သည့် ကျောင်းနေအရွယ်ကလေး ကျောင်းနေရေးလုပ်ငန်းစဉ်ကို ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ နှစ်စဉ် ကျောင်းနေနှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ကျောင်းနေနှုန်း ၉၆ဒသမ ၅၆ ရာခိုင်နှုန်းရရှိခဲ့ပြီး ယခု ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ကျောင်းနေနှုန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ပြင်ကျောင်းနေအရွယ်လွန်ကလေးများ ကျောင်းနေရေး၊ မသန်စွမ်းကလေးများ ကျောင်းနေရေး၊ ကျောင်းနေသည့် ကလေးများအားလုံး ကျောင်းနေမြဲရေးနှင့် အရည်အသွေးပြည့်မီအောင် သင်ကြားပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ဝန်ကြီးဦးသန်းအောင်က ကျောင်းဝတ်စုံများကို ကျောင်းသားကလေးများအား ပေးအပ်ပြီး အလှူရှင်များလှူဒါန်းကြသည့် အလှူငွေများကို လက်ခံသည်။

အလှူငွေများလက်ခံ

ထို့နောက် ဝန်ကြီး ဦးသန်းအောင်က အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များနှင့် ကျောင်းနေ အရွယ်ကလေး ကျောင်းနေရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ကျောင်းဝတ်စုံများကို ကျောင်းသားကလေးများအားပေးအပ်၍ အလှူရှင်များလှူဒါန်းကြသည့် အလှူငွေများကို လက်ခံသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အလှူရှင်များ လှူဒါန်းကြသည့် အလှူငွေများကို လက်ခံပြီး ကျောင်းဝတ်စုံများကို ကျောင်းသူလေးများအား ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌနှင့် ပါမောက္ခချုပ်များက ကျောင်းလွယ်အိတ်များ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များနှင့် အလှူငွေများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီး ရေးရာ အဖွဲ့ချုပ်က ဦး စီး ကျင်း ပ သောကျောင်းနေ အရွယ် ကလေး များ ကျောင်း အပ်နှံရေး အခမ်း အနားတွင်မြန်မာ နိုင်ငံ အမျိုးသမီး ရေးရာ အဖွဲ့ချုပ် အမျိုးသမီးများ လူ နေ မှု ဘဝ မြှင့် တင် ရေး လုပ် ငန်း အဖွဲ့ ခေါင်း ဆောင် ဒေါ်အေးအေးက ကျောင်းသူကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးစီးကျင်းပ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားများကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးစီးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားများကို ယနေ့နံနက် ၈ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၌လည်းကောင်း အသီးသီးကျင်းပကြသည်။

တက်ရောက်

အခမ်းအနားများသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်အေး၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ ခေါင်းဆောင် ပါမောက္ခ ဒေါ်ထူးထူးအောင်နှင့် တာဝန်ရှိသူများ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရန်ကုန် အနောက်ပိုင်းခရိုင် ကျောင်းအပ်နှံရေး အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က ခရိုင်အတွင်းရှိ ကျောင်းနေရန် အခက်အခဲဖြစ်နေသော ကျောင်းနေအရွယ်ကလေးများအား ကျောင်းအပ်နှံရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ထူးထူးအောင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးစီး၍ ရန်ကုန်တိုင်း၊ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ ပူးပေါင်းလျက် ရန်ကုန်တိုင်းအတွင်း ကျောင်းနေရန်အခက်အခဲရှိနေသည့် ကျောင်းသူကလေးများအား ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အလားတူပင် ရန်ကုန်မြောက်ပိုင်းခရိုင် ကျောင်းအပ်နှံရေးအခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်တင်တင်က ခရိုင်အတွင်းကျောင်းနေရန်အခက်အခဲဖြစ်နေသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာဒေါ်မာမာသီက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကဦးစီး၍ ရန်ကုန်တိုင်း၊ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များနှင့် ပူးပေါင်းလျက် ရန်ကုန်တိုင်းအတွင်း ကျောင်းအပ်နှံရန်အခက်အခဲရှိနေသည့် ကျောင်းသူကလေးများအား ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်အေးအေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ ခေါင်းဆောင် ပါမောက္ခဒေါ်ထူးထူးအောင်၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဦးစောကျော်မင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဦးနုနှင့် တာဝန်ရှိသူများက ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသူကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျောင်းအပ်နှံပေး

မေ၂၇ရက်နှင့်ယနေ့တို့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးစီးပြီး ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့်ပူးပေါင်းကာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်၄၅မြို့နယ်မှ ကျောင်းနေရန်အခက်အခဲရှိနေသည့် ကျောင်းနေအရွယ်အမျိုးသမီးငယ် ၅၉၀၆ဦးအား ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့်ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးကာ ကျောင်းအပ်နှံပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ရွှေပြည်သာ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ ကျောင်းသုံးစာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၃၀

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်) မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ၂၈ရက် နံနက်က အထက(၃) ရွှေပြည်သာကျောင်းခန်းမ၌ကျင်းပရာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ပညာ) ဦးအောင်ချိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျီးညိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးဗဟိုဦးစီးကော်မတီဝင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က အမှာစကားပြောကြားကာ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးလုပ်ငန်းအတွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ဌာနဆိုင်ရာများစုပေါင်းလှူဒါန်းသည့် ငွေကျပ် ၇၅၃၇၀၀၊ နိုင်မွန်သံရည်ကျိုလုပ်ငန်းပိုင်ရှင် မစ္စတာယုက လှူဒါန်းငွေကျပ် ၅၀၀၀၀၀၊ ဂျမ်ဘိုခြင်ဆေးခွေစက်ရုံမှ ဦးအောင်သိန်းလှူဒါန်းငွေ ကျပ် ၁၀၀၀၀၀၊ ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီမှ လှူဒါန်းငွေ ကျပ် ၅၀၀၀၀ အပါအဝင် အလှူရှင်များက အလှူငွေကျပ် ၁၉၄၉၂၀၀ နှင့် အဝတ်အထည်များ အသီးသီး လှူဒါန်းကြရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် **(အပေါ်ပုံ)** နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က လက်ခံရယူသည်။ **(ဝ၄၆)**



တပ်မတော်အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်မှ Col. VS Kandari ခေါင်းဆောင်သော အိန္ဒိယတပ်မတော် ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားအဖွဲ့ဝင်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယတပ်မတော်ဘောလုံးနှင့် ဘော်လီဘောအသင်းအား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မေ ၃၀

တပ်မတော်အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်မှ Col. VS Kandari ခေါင်းဆောင်သော အိန္ဒိယတပ်မတော်ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားအဖွဲ့ဝင်များအား ယနေ့ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ဧည့်သည်အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အားကစားအဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Col. Jasvinder Singh Chopra လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်မှ Col. VS Kandari ခေါင်းဆောင်သော အိန္ဒိယတပ်မတော်ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားအဖွဲ့ဝင်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

အောင်မြင်မှုပိုမိုရရှိရေးရှေ့လုပ်ငန်းစဉ်ချမှတ် သတ်မှတ်လျာထားချက်ပြည့်မီကျော်လွန်ရေးကြိုးပမ်း

ရန်ကုန် မေ ၃၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့အသေးစား ချေးငွေလုပ်ငန်းရုံးချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်း၊ ဒုတိယအထွေထွေမန်နေဂျာ၊ ပြည်နယ်/တိုင်း တာဝန်ခံမန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေ့လုပ်ငန်းစဉ်ချမှတ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ယခင်ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲအုပ်ချုပ်ရေးပိုင်းဆိုင်ရာများ၏ အားနည်းချက်၊ အားသာချက်များအပေါ် ယခုထက် တိုးတက်အောင်မြင်မှု ပိုမိုရရှိအောင် ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်အတွက် ရည်မှန်းချက်တာဝန်များ ဆောင်ရွက်ရာတွင် ယခုနှစ်ရရှိထားသည့် အောင်မြင်မှုအရှိန်ကို နောင်လာမည့်နှစ်များတွင်လည်း ဆက်လက်ထိန်းသိမ်းကြရန်နှင့် ပြည်သူများအပေါ် ချိုသာပျူငှာစွာ ဆက်ဆံကြရန်နှင့် ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်ထားသည့် လျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆက်လက်ပြီး အထူးကြိုးပမ်းကြရန် မှာကြားသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ

ရန်ကုန် မေ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၂၈ရက်က ပုသိမ်မြို့သို့ရောက်ရှိပြီး ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ် အသင်း အတွင်းရေးမှူးများက အသင်းများ၏ လက်ရှိဆောင်ရွက်နေသော ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆွေးနွေးမှာကြား

ဗဟိုအလုပ်အမှုဆောင်သည် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် မြောင်းမြမြို့သို့ ရောက်ရှိပြီး မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အသင်း အတွင်းရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စုစည်းရုံးရေးမှူးများနှင့်တွေ့ဆုံရာ မြောင်းမြ၊ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့နယ် အသင်း အတွင်းရေးမှူးများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင်းက ပါဝင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းအသင်းအတွင်းရေးမှူး ဦးသန်းထွန်းက ဖြည့်စွက်တင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် ယနေ့နံနက်ပိုင်းတွင် အိမ်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအစည်းအဝေးခန်းမ၌ဧရာဝတီတိုင်း အတွင်းရေးမှူး၊ ခရိုင်အတွင်းရေးမှူး၊ မြို့နယ် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ ဆွေးနွေးပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ပြည်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ၆၀၉ သံသုမာလမ်း (၁၀)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးခင်မောင်ကြီး-ဒေါ်လှလှသန်း၊ သမီး ချောချောမိသားစုတို့က အလှူငွေ ကျပ် ငါးသိန်းကို ဦးမောင်မောင်မြင့် (အတွင်းရေးမှူး)နှင့် ဒေါက်တာအောင်ချို(အဖွဲ့ဝင်)တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေဦးမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် မေ ၃၀

ရှေဦးမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဓမ္မစေတီလမ်း (ဘောင်ဒရီလမ်း) မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ရှေဦးမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းသူ အသင်းသားများအားလုံး မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများ၊ နှစ်စဉ်ကြေးများ ထည့်ဝင်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ် ချုပ် ကြီး စိုး ဝင်း ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည် ပြည်ဆိုင်ရာ လေ့လာမှု သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်း အနားတွင် သင်တန်းသား သင် တန်း သူ များ အား ရင်းရင်းနှီးနှီး နှုတ်ဆက် စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အကြောင်းအကျိုး၊ အကောင်းအဆိုးကို ပကတိအခြေအနေအတိုင်း လေ့လာခဲ့ကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျင့်သုံးဆောင်ရွက်နေသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်နှင့် ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူဆက်ဆံရေး၊ တခြားနိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးဆိုသည့် မူများကိုလည်း လေ့လာခဲ့ပြီးဖြစ်ကြောင်း။

အလေးအနက်ပူးပေါင်းဆောင်ရွက်

ဒေသတွင်း၌ အရှေ့တောင်အာရှ ၁၀ နိုင်ငံပါဝင်သည့် အာဆီယံ၊ တောင်အာရှ ငါးနိုင်ငံပါဝင်သည့် ဘင်းမ်စတက်၊ မဲခေါင်မြစ်ဝှမ်း ဒေသခြောက်နိုင်ငံပါဝင်သည့်GMSနှင့် အာရှခြောက်နိုင်ငံပါဝင်သည့် GSCတို့၏ လုပ်ငန်းအစီအစဉ်များတွင် နိုင်ငံတော်အနေဖြင့် အလေးအနက် ပူးပေါင်းဆောင်ရွက်နေခြင်းများကိုလည်း ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း။

သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကရရှိသော အတွေ့အကြုံ၊ အသိအမြင်များကို ဘဝအတွေ့အကြုံနှင့် ဆက်စပ်ဆန်းစစ်လေ့လာ ပိုမိုတိုးတက်အောင် ဆက်လက်ဆည်းပူးလေ့လာနေကြရမည်ဖြစ်ကြောင်း။

လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးကောင်း၊ ပင်ကိုအရည်အချင်းကောင်းများကို အပတ်တကုတ်ကြိုးစားအားထုတ်နေသည့် လူတော်များ၊ ကိုယ်ကျင့်တရား၊ အကျင့်၊ သိက္ခာ၊ သီလကောင်းပြီး အများအပေါ်ကောင်းသည့် လူကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်နေခြင်းဖြစ်ကြောင်း။

ကမ္ဘာ့အခြေအနေ

ယင်းကမှ နိုင်ငံတော်နှင့် အသင်းကြီးအတွက် ကိုယ်ကျိုးစွန့်လွှတ်စွန့်စားသည့် နိုင်ငံ့သားကောင်းများဖြစ်လာရေးအတွက် လေ့ကျင့်ပျိုးထောင်နေခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် ပံ့ပိုးဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ အသင်းကြီးသည် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို စီမံချက်ချမှတ်ပြီး စဉ်ဆက်မပြတ်ဖွင့်လှစ်လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ဤသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် အမျိုးသားရေးစွမ်းရည်မြင့်မားရေးအတွက် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေးနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်များရှင်သန်ဖွံ့ဖြိုးရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းရေး၊ နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန် အခြေအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ကမ္ဘာ့အခြေအနေများ ဆွေးနွေးပို့ချပေးခဲ့ကြောင်း။

ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် အတတ်ပညာ၊ အသိပညာကျွမ်းကျင်မှုဆိုင်ရာများ၊ ခေတ်မီနည်းပညာဆိုင်ရာများနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာများကို ဆွေးနွေးပို့ချလေ့ကျင့်ပျိုးထောင်ပေးခဲ့ကြောင်း၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသည့် အတွေးအခေါ်၊ အယူအဆ၊ အသိပညာ၊ အတတ်ပညာများကို ဘဝအတွေ့အကြုံနှင့် ဆက်စပ်ဆန်းစစ်လေ့လာပြီး လက်တွေ့လုပ်ငန်းတာဝန်များတွင် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာဆောင်ရွက်စေခဲ့ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဗဟိုမှ တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ အဖွဲ့စု၊ အဖွဲ့စိတ်အထိ ကျယ်ပြန့်စွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းလှုပ်ရှားနေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

အသင်းကြီး ဦးတည်ဆောင်ရွက်မည့် ဦးတည်ချက်(၇)ရပ်ကိုလည်း ခိုင်ခိုင်မာမာချမှတ်ထားပြီးဖြစ်ကြောင်း၊ နှစ်စဉ် အကောင်အထည်ဖော်ရမည့် ရှေ့လုပ်ငန်းစဉ်များကိုလည်း နှစ်ပတ်လည်အစည်းအဝေးများက ချမှတ်ပေးပြီး အကောင်အထည်ဖော်နေကြကြောင်း။

အသင်းကြီး၏ ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အသင်းဝင်လူငယ် မောင်မယ်များ ကာလ၊ ဒေသအလိုက် စဉ်တိုက်၊ ဆက်တိုက်လှုပ်ရှားနိုင်ရေးအတွက် စီမံချက်များ ချမှတ်ပြီး တစ်နိုင်ငံလုံး ညီညီညွတ်ညွတ် အကောင်အထည်ဖော်နေကြကြောင်း။

အားလုံးသိကြပြီးဖြစ်သည့်အတိုင်း ယခုနှစ်ဧပြီလ နောက်ဆုံးပတ်နှင့် မေလဆန်းတွင် တိုင်းနှင့်ပြည်နယ်အသီးသီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်ကိုယ်စားလှယ်များသည် ဒေသအသီးသီးကို အပြန်အလှန်လေ့လာရေးခရီးသွားခဲ့ကြပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးတည်ဆောက်မှုများကိုလေ့လာခဲ့ကြောင်း၊ ကိုယ်စားလှယ်လူငယ်များနှင့် ဒေသခံလူငယ်များ အပြန်အလှန်နှီးနှောဖလှယ်နိုင်ခဲ့ပြီး ရွေးချယ်ထားသည့် လုပ်ငန်းများတွင် လုပ်အားပေးခဲ့ကြကြောင်း။

ယင်းလေ့လာရေးလူငယ်များသည် ယခုနှစ်မေ ၇ ရက်နှင့် ၈ ရက်နေ့တို့တွင် ပထမမြန်မာနိုင်ငံတော်ကြီး တည်ဆောက်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တွေ့ဆုံခဲ့ကြပြီး နှီးနှောဖလှယ်ပွဲကြီးကို ကျင်းပနိုင်ခဲ့ကြောင်း။

ယင်းနှီးနှောဖလှယ်ပွဲကြီးတွင် လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြကြောင်း၊ ယနေ့နိုင်ငံတော်အစိုးရက တည်ဆောက်နေသည့် ကဏ္ဍအလိုက် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုများကို ထင်ဟပ်နိုင်သည့် နှီးနှောဖလှယ်ပွဲကြီး အဖြစ်မြင်တွေ့နိုင်ကြောင်း။

ကတိသစ္စာပြု

ဤနှီးနှောဖလှယ်ပွဲကြီးတွင် လူငယ်ကိုယ်စားလှယ်အားလုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရေး သန္နိဋ္ဌာန်စိတ်ဖြင့် ကတိသစ္စာငါးရပ်ကို ကတိသစ္စာပြုခဲ့ကြကြောင်း၊ ယင်းကတိသစ္စာငါးရပ်သည်–

- **ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် လက်ဆင့်ကမ်းခံယူကျင့်သုံးရေး၊**
- **အေးချမ်းသာယာသောခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးကို ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် မမှိတ်မသုန်ဆောင်ရွက်ရေး၊**
- **အမိနိုင်ငံတော်နှင့်နိုင်ငံသားတို့ကို ရာသက်ပန်ကာကွယ် စောင့်ရှောက်ရေး၊**
- **အမိနိုင်ငံတော်တွင် မှန်ကန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာစေရန် စည်းရုံးဆောင်ရွက်ရေး၊**
- **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရေး**

တို့ ဖြစ်ကြောင်း။

ယင်းကတိသစ္စာငါးရပ်သည် နိုင်ငံတော်ကြီးကို ကာကွယ်ရန်နှင့် တည်ဆောက်ရန်အတွက် ရာသက်ပန် စွဲမြဲခံယူကြရမည့် ကတိသစ္စာများဖြစ်ကြောင်း။

ပူးပေါင်းတည်ဆောက်

ထိုကဲ့သို့ စွဲမြဲသည့် ကတိသစ္စာများနှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒများ အောင်မြင်သည်အထိ အသင်းဝင်များ ပူးပေါင်းတည်ဆောက်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပုံဖော်တည်ဆောက်ရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပထမအဆင့် အဓိကအကျဆုံး အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပ

အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပုံဖော်တည်ဆောက်ရေး နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်

ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသင်းကြီးကလည်း ဦးတည်ချက်၊ ရည်မှန်းချက်တူ အဖွဲ့အစည်းများဖြစ်သည့် စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကြီး အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူပူးပေါင်းပြီး ဘက်စုံထောင့်စုံက နိုင်ငံတော်အတွင်း ကျယ်ပြန့်စွာ ဖွဲ့စည်းလှုပ်ရှားနေသည့် အသင်းကြီးသည် ချမှတ်ထားသည့် လုပ်ငန်းစဉ်အသီးသီးကို အောင်မြင်အောင် စွမ်းအားရှိသမျှ အကောင်အထည်ဖော်နေကြမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှုအရည်အသွေး

ဤနေရာတွင် အလျဉ်းသင့်၍ အသင်းလူငယ်ခေါင်းဆောင်မှုအပိုင်းကို ထည့်သွင်းပြောကြားလိုကြောင်း၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ကို အဖျက်အမှောင့်လုပ်ရပ်များမှ ကင်းဝေးအောင် ကာကွယ်ရေး၊ တစ်ကမ္ဘာလုံး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ပွားများလေ့လာပြီး အသင်းကြီး၏ ဦးတည်ချက်များကို အကောင်အထည်ဖော်ကြမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ကောင်းသည့် အခွင့်အလမ်းကောင်းများကို လက်မလွှတ်တမ်းဆုပ်ကိုင်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တာဝန်သိသိ တာဝန်ရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရန်။

မေ ၈ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲကို မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဤသို့စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်၍ အောင်မြင်မှုများကို လက်တွေ့မျက်ဝါးထင်ထင် သိမြင်ခံစား စံစားနေကြရပြီဖြစ်ကြောင်း။

ပြတ်ပြတ်သားသားတွန်းလှန်ဖယ်ရှား

သို့သော်လည်း ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၊ အဆိုးမြင်ဝါဒီများနှင့် မီဒီယာအချို့က မဟုတ်မမှန် လုပ်ကြံဝေဖန်ရေးသားပြောဆိုထိုးနှက်နေခြင်းများလည်းရှိကြောင်း၊ ပြည်သူတို့၏ လုံခြုံမှုကို ထိပါးနှောင့်ယှက်သည်အထိ အတင့်ရဲလာသည်ကို တွေ့ရှိရကြောင်း၊ ပြည်သူ့ဆန့်ကျင်ရေး အဖျက်အမှောင့်လုပ်ရပ်မှန်သမျှ၊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်လုပ်ဆောင်လာတာမှန်သမျှ၊ ဒို့တာဝန်အရေးသုံးပါးကို ထိပါးတာမှန်သမျှကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ပြတ်ပြတ်သားသား တွန်းလှန်ဖယ်ရှား တိုက်ဖျက်သွားရမည်ဖြစ်ကြောင်း။

လူငယ်စွမ်းအားစုကြီး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသည့် အမျိုးသားရေးအင်အားစုကြီးဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားကောင်း လူငယ် စွမ်းအားစုကြီးဖြစ်ပေါ်ရေးတို့အတွက် စည်းရုံးလေ့ကျင့်နေသည့် အသင်းကြီးလည်း ဖြစ်ကြောင်း။

ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အသင်းဝင်လူငယ်များ၏ ခေါင်းဆောင်မှု အရည်အသွေးထက်မြက်ရန် လိုအပ်ကြောင်း။

အသင်းဝင်များသည် မိမိယနေ့တာဝန်ယူနေသည့် လက်ငင်းတာဝန်ထက် တစ်ဆင့်မြင့်သောတာဝန်၌ ထမ်းဆောင်နိုင်သော ခေါင်းဆောင်မှုအရည်အသွေးရှိနေအောင် အမြဲတမ်းအားထုတ်လေ့လာနေကြရမည်ဖြစ်ကြောင်း။

အမျိုးသားရေးအင်အားစု

အဆင့်တိုင်းတွင်ရှိသည့် အသင်းဝင်လူငယ်ခေါင်းဆောင်များ၏ အရည်အသွေးမြင့်မားအောင် တည်ဆောက်နိုင်မှ အသင်းကြီးသည် ဖွံ့ဖြိုးကြီးထွားခိုင်မာမည်။ ယင်းကဲ့သို့ ဖွံ့ဖြိုးကြီးထွားခိုင်မာမှ အသင်းကြီးသည် အမျိုးသားရေးအင်အားစုအဖြစ် ရပ်တည်နိုင်မည်။

ခေါင်းဆောင်မှု အရည်အသွေးမြင့်မားနေသည့် အသင်းအဖွဲ့ကသာ ချမှတ်ထားသည့် ရည်မှန်းချက်များ ပေါက်မြောက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်ဟု အခိုင်အမာခံယူစေလိုကြောင်း။

ဆက်လက်ပွားများလေ့လာ

မောင်တို့မယ်တို့သည် ဤသင်တန်းတွင် ပို့ချခဲ့သော ဘာသာရပ်အသီးသီးကို လေ့လာမှတ်သားခဲ့ကြပြီးဖြစ်သည့်အတွက် တစ်စုံတစ်ခုသော အရည်အသွေးရှိလာပြီး ဖြစ်ကြောင်း၊ သင်တန်းဖွင့်ပွဲတွင် မြွက်ကြားခဲ့သည့် အသင်းနာယကကြီး တာဝန်၏အရေးပါမှုကို နားလည်သဘောပေါက်ပြီး ပြည်သူတို့၏ ယုံကြည်ကိုးစားမှု မေတ္တာကိုခံယူ၊ ပြည်သူကို ကိုယ်စားပြုသည့် အမျိုးသားအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည်စည်းရုံး ဆောင်ရွက်သွားကြရန်။

တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ နိုင်ငံတော် တည်ဆောက်ရေးစိတ်ဓာတ်များ၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ အစဉ်ထာဝရ ရှင်သန်နိုးကြား ထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်။

ဦးလည်မသုန်ပါဝင်ဆောင်ရွက်

အစိုးရ၊ တပ်မတော်၊ ပြည်သူပူးပေါင်းပြီး နိုင်ငံတော်၏ မှန်ကန်သည့် ဦးဆောင်မှုနှင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူရင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် ရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့ကို မမှိတ်မသုန်၊ ဦးလည်မသုန်ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

တစ်ခဲနက် ကြွေးကြော်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲကို မေ ၈ရက်က မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပရာ ဤသို့တစ်ခဲနက် ကြွေးကြော်သံများဖြင့် ရုပ်သိမ်းခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

31-5 (09) 2 3/24/05, 11:46 AM

ဆေးလိပ်အခိုးအငွေ့ ကင်းစင်သော မိသားစုဘဝကို တည်ဆောက်ကြပါစို့

မြင့်စိုး (လေးမျက်နှာ)

(၁)

မည်မျှပင် ကြားဖူးနားဝရှိခဲ့စေကာမူ၊ မည်သို့ပင်စာတွေ့ဗဟုသုတ အနေဖြင့် ဖတ်ဖူးမှတ်ဖူးခဲ့စေကာမူ ထိုအဖြစ်အပျက်မျိုးကို ကိုယ်တိုင်ကိုယ်ကျ ကြုံလိုက်ရသောအခါ ဆံပင်တွေ ထောင်ထသွားမတတ် အံ့ဩသွားမိသည်။ သူတို့ လာနေကြပါပကော။

လည်ချောင်းဝဆီသို့ လှိုက်၍လှိုက်၍ တက်လာကြသည်။ စိမ်းရွှေရွှေ အနံ့တွေ ရနေပြီ။ ပါးစောင်တွင်းမှ ထွေးမထုတ်မီ နောက်ဆုံးအချိန်ထိ ကျွန်တော် ထင်ထားသလိုမျိုး မဖြစ်လာပါစေနှင့်ဟု ဆုတောင်းမိသည်။ မပြည့်တော့ပြီ၊ နှာခေါင်းထဲမှာ မွှန်လာသည်။ ယင်းနောက် အဆက်မပြတ် ချောင်းဆိုးခြင်းနှင့်အတူ ပွက်ခနဲ၊ပွက်ခနဲ အန်ပါလေတော့၏။ နီနီရဲရဲ ကျဲကျဲတောက်တောက် သွေးတွေ၊ အကြမ်းပန်းကန်တစ်လုံး...၊ နှစ်လုံး...၊ သုံးလုံး...။

ထိုနေ့ နံနက်စောစော ဆူးလေမီးပွိုင့်အနီး ဓာတ်ပုံဆိုင်တစ်ဆိုင်မှာ ဓာတ်ပုံရွေးရင်း ချောင်းတစ်ချက်ဟတ်၍ ထွေးထုတ်လိုက်မိသည်။ ဆေးလိပ်အလွန်အကျွံသောက်နေသူပီပီ ချောင်းဆိုးလျှင် သွေးပါမပါ ကိုတော့ သတိထားကြည့်တတ်စမြဲဖြစ်သည်။ တွေ့လိုက်ပါပြီ၊မသက်ာစရာ သွေးစကလေးတစ်ခု။ မြေကြီးပေါ်မှာ ခြေထောက်ဖြင့် ပွတ်ချေကြည့်ရင်းက သြော်– ဒါလေးများ ဘာဖြစ်တာမှတ်လို့၊ ညက အိပ်ရင်းနဲ့ ချောင်းဆိုး၊ လည်ချောင်းကွဲ၊ အဲဒီအနာကနေ သွေးထွက်လာတာ နေမှာပေါ့။ သို့ကလို သာသာဖော့ဖော့တွေးရင်း ကိုယ့်ဟာကိုယ် ပြန်အားပေးလိုက်သည်။

နေ့လယ်ပိုင်း အခြားရုံးတစ်ရုံးသို့ ကိစ္စတစ်ခုဖြင့်အသွား၊ ထိုရုံးလှေကား အတက်မှာပင် သွေးအန်ပါလေတော့၏။ မိုးကလည်း သဲသဲမဲမဲ ရွာနေသည်။ ဝရန်တာမှနေ၍ အန်ချလိုက်သော သွေးများက မိုးရေနှင့်အတူ စီးမျောသွားကြသည်။ ကားကိုသတိထားမောင်းရင်း ပြန်ထွက်လာသည့်တိုင် ချောင်းဆိုးခြင်းနှင့် သွေးအန်ခြင်းက မရပ်သေး။ ကမ္ဘာအေးဘုရားလမ်း လမ်းမကြီးပေါ် ပြန်တက်ရန် ခေါင်းတည်၍ ရပ်ထားရင်း စဉ်းစားရပြီ။ ရုံးကိုသွားမလား၊ အိမ်ပြန်ရင်ကောင်းမလား။ မိုးသည်းလာ၍ အပြင်ကို ထွေးမထုတ်နိုင်တော့။ မာဇဒါဂျစ် တံခါးရွက်အတွင်းပိုင်း တစ်ခုလုံး ရဲရဲနီနေပြီ။ သည်လိုပုံစံနှင့် အိမ်ပြန်၍ဖြစ်မည်မဟုတ်။ အိမ်မှာက ကျွန်တော့်ဇနီးသည် လူမမာရှိနေသည်။ သူ့အား အလန့်တကြား မဖြစ်စေလို။

(၂)

ကျွန်တော့်ဘဝတွင် ဆေးလိပ်သောက်တတ်ခြင်းအစ ရွာမှာတုန်းကလိုပဲ ပြောရတော့မည်။ အဖေက ကွမ်းဝါးသည်၊ အမေကဆေးလိပ်ကြိုက်သည်။ ဈေးဆိုင်မှာ အဖေ့အတွက် ထုံး၊ ကွမ်းသီးနှင့် အမေ့အတွက် ယုန်စနွှာ ဆေးပေါ့လိပ် မကြာမကြာ ဝယ်ပေးရသည်။ ရွာကလူတွေ လယ်ထွန်၊ ကောက်စိုက်၊ ပျိုးနုတ်ရင်း ဆေးရွက်ကြီးငုံသူများ ရှိသကဲ့သို့ ပြောင်းဖူးဖက် ဆေးလိပ်ကြီးတွေခဲကြသူများလည်းရှိသည်။ ဆိုလိုရင်းကမူ ဆေးလိပ်နှင့် ကျွန်တော် အလွန်နီးစပ်ခဲ့၏။ လူကြီးတွေအတွက် မီးဖိုချောင်မှာ ဆေးလိပ် မီးညှိပေးရင်း ဖွာကြည့်မိသည်။ ပြောင်းဖူးဖက် ဆေးလိပ်ကြီး၏အရသာ ဘယ်လိုနေ သလဲသိရအောင် စမ်းကြည့်ဖူးသည်။ တောအလှူ၊ တောမင်္ဂလာ ဆောင်များကလည်း မြို့မှာလို ဆေးလိပ်ကို တစ်လိပ်ချင်း ကမ်းတာမျိုး မဟုတ်။ ဆေးပေါ့လိပ်တွေ ပန်းကန်ပြားထဲမှာ တစ်ဆုတ်တစ်ခဲ ပစ်ထည့်ပြီး သစ်သားမီးခြစ်တစ်လုံးနှင့် တည်ထားပေးတတ်သည်။ အချိန်နှင့် ကာလ ကလည်း စုံထောက်ဓာတ်ကားများ၌ စီးကရက်ကို ဟန်ပါပါခဲပြလျှင် ငေးနေကြရသောအချိန် ဖြစ်ပါသည်။ အတုမြင် အတတ်သင်ချင်ပါသည်။

တကယ်ဆေးလိပ်စွဲခဲ့သည်မှာ ၁၀တန်းနှစ် ဖြစ်သည်။ လေးမျက်နှာ ပရဟိတကျောင်းမှာနေ၍ ကျောင်းတက်နေချိန်၊ ညစာကြည့်ချိန်တွင် အိပ်ငိုက်သည်။ သူငယ်ချင်းများက မျက်စိကျယ်ချင်ရင် ဆေးလိပ်သောက်ကြည့်ပါလားဟု အကြံပေးသည်။ စာကြည့်ချိန်၌ အိပ်မငိုက်ချင်သည်က တစ်ကြောင်း၊ ဆေးလိပ်ကို ဖွာဖူး၊ စမ်းဖူးထားသည်က တစ်ကြောင်းတို့ ကြောင့် မစွန်းရင်းနှင့် ကန်စွန်းခင်းတို့ ငြိခဲ့ကြသည်။ ကျွန်တော် ဆေးလိပ်စွဲပြီ။

(၃)

မြင်မြင်သမျှ ဆေးလိပ်အန္တရာယ် ပညာပေးဆိုင်းဘုတ်များ၊ ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဟောပြောထုတ်လွှင့်ချက်များအား ကိုယ်နှင့်ပဲမဆိုင်သလို၊ လုံးဝမပတ်သက်သလို ပေယျာလကန် ပြုမိသည်။ အတိုချုပ်ပြောရလျှင် ဆေးလိပ်ကိုနှစ်ရှည်လများ ကျွန်တော်ဆက်သောက်မိသည်။

သည်ကြားထဲ၌ ဆေးလိပ် နှစ်ကြိမ်ဖြတ်ကြည့်ဖူး၏။ သေချာပြန်စဉ်းစားကြည့်သောအခါ ကျွန်တော်၏ ဆေးလိပ်ဖြတ်နည်းသည် ဆေးလိပ်မသောက်ဘဲ ကွမ်းစားခြင်း ဖြစ်သည်။ နီကိုတင်းကို အငွေ့မှ မရှူတော့ဘဲ အရည်ဖြစ်အောင် ကြိတ်ဝါး၍ စုပ်ယူနေခြင်းပင်တည်း။ နောက်တစ်ကြိမ် ပြန်သောက်မိတော့ ဆေးလိပ်သာမက၊ ကွမ်းစားခြင်းပါ ပိုလာတော့သည်။ ဆေးလိပ်အရေအတွက်လည်း တိုးလာ၏။ ဥပမာ–မူလက စီးကရက် ၁၅လိပ်ဆိုလျှင် ယခုအလိပ်၂၀လောက် သောက်လိုက်ရမှ ချဉ်ခြင်းပြေသလို၊ နေသာသလိုရှိသည်။ သားမွေးစကပင် အရက်သောက်ခြင်းကို ရာသက်ပန် စွန့်လွှတ်ထား၍သာ အရက်၊ကွမ်းနှင့် ဆေးလိပ်သုံးမျိုး မတွဲမိခြင်းဖြစ်သည်။

(၄)

မိဘတိုင်းသည် မိမိတို့သားသမီးများ၏ အကျိုးတစ်စုံတစ်ရာအတွက် ဘာကိုပဲစွန့်ရစွန့်ရ၊ ဘာကိုပဲပေးရပေးရ စွန့်ကြ၊ပေးကြပါလိမ့်မည်။ ဒါသည်ပင် မိဘမေတ္တာ သရုပ်သကန်ဖြစ်သည်။ ဤသရုပ်သကန်ကို ခွဲခြားကြည့်မိလေတိုင်း သားအပေါ်ထားသော မိမိ၏မေတ္တာ ထုထည်ပမာဏနှင့်ပတ်သက်၍ ကျေနပ်အားရမိသည်။

သို့သော်၊ ထိုသို့သော ကျေနပ်အားရမှုတို့သည် ကျွန်တော်၏ သား သိတတ်စအရွယ်၌ ဆုံးခန်းတိုင်၏။ သူ၏တောင်းဆိုမှုတစ်ခုကို ကျွန်တော်မလိုက်လျောနိုင်၍ ဖြစ်သည်။ ရုပ်မြင်သံကြားမှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးထုတ်လွှင့်ပြသသောပုံ(ဆေးလိပ်သောက်နေရာမှ လူပုံပျောက်၍ အရိုးခြောက်ကြီးဖြစ်သွားသောပုံ)ကို ကြည့်ပြီး ဖေဖေ... ဆေးလိပ် မသောက်နဲ့တော့၊ အရိုးခြောက်ကြီးဖြစ်သွားလိမ့်မည်ဟု ပြောလာသည်။ မူးယစ်ဆေးဝါးအန္တရာယ်၊ ဆေးလိပ်အန္တရာယ်တို့ကို သူသိ၍ တောင်းဆိုနေခြင်း မဟုတ်ပါ။ လူ့လောကကြီးတွင် သည်အဖေ၊သည်သား မခွဲမခွာကြာကြာနေလိုသော ဆန္ဒနှင့် သူပြောနေခြင်းဖြစ်ကြောင်း ကျွန်တော်နားလည်ပါသည်။ တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်းမဟုတ် ထိုပုံကိုမြင်တိုင်း ပြောသည်။

ပြောတိုင်း မသိကျိုးကျွန်ပြုမိသည်ချည်းသာ။ ကလေးဆိုတော့ပြောပြီး မေ့သည်။ လူကြီးက မမေ့နိုင်။ အလွန်ရက်စရာကောင်းသော ကိစ္စဟု သိနေသော်လည်း ငါအသောက်အစား အပျော်အပါးတွေ စွန့်ထား၊ လျှော့ထားပြီးပြီ၊ ဒါလေးတစ်ခုပဲ မိုက်စရာကျန်တော့သည်ဟု သဘောပိုက်ထားခဲ့၏။

သည်လိုနှင့် ကျွန်တော်ဖွာရှိုက်မှုတ်ထုတ်လိုက်သော ဆေးလိပ်အခိုးအငွေ့များကြား၌ သားသည်လည်းကောင်း၊ အခြားသော အိမ်သူအိမ်သားများသည် လည်းကောင်း နှစ်ပေါင်းများစွာ နေလာခဲ့ကြရသည်။ ကျွန်တော်၏ မကောင်းသော အကျင့်တစ်ခုမှာ ရေအိမ်ကျဉ်းကျဉ်းလေးထဲ၌ ဆေးလိပ်အခိုးအငွေ့များ ထားခဲ့ခြင်းဖြစ်သည်။ ဆေးလိပ်သမားတို့ ထုံးစံအတိုင်း ရေအိမ်တက်လျှင် ဆေးလိပ်နှင့် မီးခြစ်ကပါစမြဲ။ အကျင့်ပါ၍ပဲ သောက်သောက်၊ အနံ့အသက်ပျောက်အောင်ပဲ သောက်သောက်၊ နောက်လူအတွက်တော့ လုံးဝမကောင်း။ ကိစ္စမပြီးမချင်း သည်အငွေ့များကို ရှူရှိုက်ကြပေရော့။ ကျန်းမာရေးအသိ မရှိ၍ မဟုတ်။ ရှိလျက်နှင့်၊ သိလျက်နှင့် ကျွန်တော်ကျူးလွန်ခဲ့မိသော လူမှုရေးပြစ်မှုပင်တည်း။

(၅)

သား သူငယ်တန်းနှစ်၌ ကျွန်တော်၏ဇနီးသည်တွင် ဦးနှောက်အမေးရောင်ရောဂါ ရရှိခံစားခဲ့ရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ICU) ခန်းမထဲမှာ ရက်ပေါင်း၂၀ကျော် မေ့မြောနေရာက သေကံမရောက်၍ သက်မပျောက်ခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်စောင့်ထိန်းနိုင်သောကံများနှင့် သစ္စာပြုခဲ့သည်။ အသက်မသေသော်ငြား ယနေ့တိုင် လမ်းပြန်မလျှောက် နိုင်သေး။ ယခု မေလတွင် ခြောက်နှစ်ပြည့်ပြီ ဖြစ်သည်။

မိသားစုတွင်းသို့ ဤကဲ့သို့သောအဖြစ်ပျက်မျိုးများ တိုးဝှေ့ဝင်ရောက်လာသောအခါ ခံနိုင်ရည်ရှိအောင်ကြိုးစားရင်း တစ်ဖက်က ထွက်ပေါက်ရှာရသည်။ အသောက်အစား၊ အပျော်အပါးဘက်၌ ထွက်ပေါက်ပေး၍ကား မဖြစ်။ ကျွန်တော့်အတွက် ထွက်ပေါက်မှာ သားနှင့်ပျော်ရွှင်စွာနေထိုင်ခြင်း၊ စာရေးခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ ဖြစ်သည်။ ဆေးလိပ်သောက်ခြင်းကို ထွက်ပေါက်တစ်ခုသဖွယ် သဘောထား၍ သောက်လာခဲ့မိသည်။ လူမမာအနားမှာလည်း မရှောင်။ ဤကား ကျွန်တော် ကျူးလွန်ခဲ့မိသည့် အလွန်ဆိုးရွားလွန်းသော လူမှုရေး ပြစ်မှုပင်တည်း။ ဦးနှောက်အာရုံကြောရောဂါနှင့် ဆေးလိပ်အနံ့သည် ပြဒါးတစ်လမ်း၊ သံတစ်လမ်း မဟုတ်ပါလား။

သားက အတန်းရလာလေလေ သူနှင့်ကျွန်တော်ကြားတွင် ဖြစ်ပွားနေသော ဆေးလိပ်တိုက်ပွဲအရှိန်က ပို၍ပို၍ မြင့်လာလေလေဖြစ်သည်။ ကင်ဆာရောဂါအကြောင်း သင်လာရသောနေ့က ကျောင်းစာအုပ်ကို ရှေ့တည့်တည့်မှာ လာချပေးရင်း စကားတစ်ခွန်းမျှမပြောဘဲ လှည့်ထွက်သွားသည်။ ကိုယ့်ဟာကိုယ်ဖတ်ကြည့်ပါ ဆိုသည့်သဘော။ ထိုအခါမျိုးတွင် "အေးပါသားရယ် ဖေဖေဆေးလိပ်ဖြတ်မှာပါ"ဟူသော မအီမလည် စကားတစ်ခွန်းဖြင့်သာ သူ့ကိုနှစ်သိမ့်မှု ပေးနိုင်ခဲ့သည်။ ကြာတော့ ထိုစကားသည် ကျွန်တော်တို့ သားအဖနှစ်ယောက်ကြားတွင် နေ့စဉ်သုံးစကားဖြစ်လာ၏။ အားလုံးကို သတ္တုချကြည့်လိုက်သော် လက်တွေ့မဆန်စွာ၊ ကိုယ့်စိတ်ကို ကိုယ်မနိုင်စွာ ပါးစပ်ချည်းသက်သက်ဖြင့် ဆေးလိပ်ဖြတ်လာသည်မှာ နှစ်အတန်ကြာလာခဲ့ပါပကော။

(၆)

ကျွန်တော် ဆေးလိပ်ဖြတ်မှ ဖြစ်တော့မည်။

ဆေးလိပ်ဖြတ်လိုက်ရင် စိတ်အပန်းဖြေစရာ ဘာကျန်ဦးတော့မှာလဲ။ အလုပ်လုပ်ချိန်မှာရော စိတ်ကယောက်ကယက်ဖြစ်နေမလား။ ဆေးလိပ်မဖြတ်မီ မရောင်ရာဆီလူး အတွေးများဝင်ခဲ့သေးသည်။ ဤအတွေးများကို ခေတ္တဘေးဖယ်ထား၍ ဘာပဲဖြစ်ဖြစ် ဆေးလိပ်ဖြတ်နိုင်အောင် ကြိုးစားရမည်။ ကြိုးစားရမည်ဟု ကျွန်တော်ပြောမိခြင်းမှာ ယခင်အခါများက ဆေးလိပ်တစ်မျိုးတည်းကိုသာ ဖြတ်ခဲ့ရ၍ အပန်းမကြီးသယောင်ရှိ၏။ ယခုကွမ်းကိုပါ တစ်ပါတည်းဖြတ်ရမည်။

အဆိပ်နှစ်မျိုးကို တစ်ပြိုင်တည်းဖယ်ရှားပစ်ရတော့မည်။ ဆေးလိပ်နှင့် ကွမ်း ပြိုင်တူဖြတ်နိုင်ကာမှ တန်ကာကျမည်။ မဟုတ်ရင် တစ်ခုလျှော့ တစ်ခုတိုးနှင့် ဂျာအေးသူ့အမေရိုက် ပြန်ဖြစ်ဦးမှာ မလွဲကေန်။ ဒီတစ်ခါဆုံးဖြတ်ချက်မလွဲပါမှ မိမိ၏မိသားစုအတွက်၊ မိမိပတ်ဝန်းကျင်အတွက် ကောင်းကျိုးချမ်းသာရနိုင်မည်။

အမှန်ပြောရလျှင် ကျွန်တော် ဆေးလိပ်ဖြတ်ချင်စိတ်ပေါ်နေသည်မှာ ကြာနေပြီ။ နှစ်နှင့်ချီ၍ရှိလာခဲ့ပြီဖြစ်၏။ မိမိကိုယ်တိုင် ရေရှည်ကျန်းမာရေး ကောင်းဖို့၊ မိမိ၏မိသားစု ရောဂါဘယကင်းဝေးစေဖို့၊ မိသားစုဝင်ငွေကို မထိခိုက်စေဖို့အတွက် သည်ကွမ်း၊ သည်ဆေးလိပ်တို့ကိုဖြတ်မှ ဖြစ်တော့မည်။ သို့တစေ လွဲမှားသော ထွက်ပေါက်တစ်ခုဆီသို့ ဆက်၍လျှောက်နေမိသည်။ ဤထွက်ပေါက်ကိုပါ အပြီးအပိုင် ပိတ်ပစ်ရတော့မည်။ ဤကိစ္စ မခဲယဉ်းပါ။ စိတ်အင်အား တစ်ခုရှိဖို့သာ လိုအပ်ပါသည်။ ထိုစိတ်အင်အားမျိုး ရရှိရန် မိမိဘာသာကြိုးစားတည်ဆောက်ရပါသည်။ ကိုယ့်ကိုယ်ကို မေးခွန်းများစွာဖြင့် ထိုးနှက်ရပါသည်။ သားသမီးထက် မိမိကိုယ်မိမိပိုချစ်သော လူတစ်ယောက် ဖြစ်နေပြီလား။ အတ္တကြီးမားသော၊ စိတ်ဓာတ်ပျော့ညံ့သော လူပျော့လူညံ့တစ်ယောက် ဖြစ်နေပြီလား။ ဆေးလိပ်မီးခိုးငွေ့များ၏ အန္တရာယ်ကို သိလျက်နှင့် မိသားစုအကြား၊ ပတ်ဝန်းကျင်လူအများအကြား မိုက်မိုက်မဲမဲ ဖွာရှိုက်မှုတ်ထုတ်နေသော

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

> အကယ်၍များ နောင်နှစ်အတန်ကြာထိ ဆေးလိပ်တွေဆက်သောက်၊ ကွမ်းတွေ ဆက်စားလုပ်နေခဲ့သော် ဖြစ်ပေါ်ခံစားလာရမည့် ရောဂါဝေဒနာသည် ကုသ၍ရနိုင်သော အခြေအနေမျိုးမဟုတ်ဖို့က ကိုးဆယ်ကိုးရာခိုင်နှုန်း သေချာသည်။ ထိုအချိန်၊ ထိုအခြေအနေမျိုးအထိ ဖြစ်သွားခဲ့သော် ကျွန်တော် အသေအချာပြောရဲသည်မှာ မိသားစုဘဝပျက်ပြီ။

မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော် ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ဘောလုံး ပြိုင်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အားကစားသမားများအား လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဂိုးမရှိသရေပွဲဖြစ်

ရန်ကုန် မေ ၃၀

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော် ဘော်လီဘောကော်မတီနှင့် တပ်မတော်ဘောလုံးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများနာယက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးဦးဆောင်သော နိုင်ငံခြားသံရုံးမှ စစ်သံမှူးများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲမစတင်မီ နှစ်နိုင်ငံတပ်မတော်ဘောလုံးအသင်းများက ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

အားကစားသမားများအားနှုတ်ဆက်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နှစ်နိုင်ငံ တပ်မတော်ဘောလုံးအသင်းဥက္ကဋ္ဌများလိုက်ပါလျက် အိန္ဒိယတပ်မတော်ဘောလုံးအသင်းနှင့် မြန်မာ့တပ်မတော် ဘောလုံးအသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား နှုတ်ဆက်သည်။

ယင်းနောက် မြန်မာလုံမပျိုဖြူလေးများက နှစ်နိုင်ငံ တပ်မတော်ဘောလုံးအသင်းများမှ အားကစားသမားများအား ချစ်ကြည်ရေးအထိမ်းအမှတ် ပန်းစည်းများပေးအပ်ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံ တပ်မတော်ဘောလုံးအသင်းတို့မှ အသင်းခေါင်းဆောင်များက အမှတ်တရအလံများ လဲလှယ်ကြပြီး နှစ်ဖက်အားကစားသမားများက အမှတ်တရလက်ဆောင်များ အပြန်အလှန်လဲလှယ်၍ နှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးဆုတံဆိပ်ပေးအပ်

ထို့နောက် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံး ပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်သွားသည်။

ပြိုင်ပွဲအပြီးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အိန္ဒိယတပ်မတော်ဘောလုံးအသင်းအား ချစ်ကြည်ရေးပြိုင်ပွဲအထိမ်းအမှတ် ချစ်ကြည်ရေးဆုတံဆိပ်ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် နှစ်နိုင်ငံ တပ်မတော်ဘောလုံးအသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေး ဘောလုံး ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ဇွန် ၁ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလီဗာပူး ဖလားကာကွယ်ခွင့် ရသင့် ယူအီးအက်ဖ်အေ ဥက္ကဋ္ဌ ထောက်ခံပြောကြား

လီဗာပူး မေ ၃၀

ချန်ပီယံလိဂ်ဖလားဗိုလ်စွဲခဲ့သည့် လီဗာပူးအသင်းသည် ဖလားကိုကာကွယ်ရန် အခွင့်အလမ်းတစ်ရပ် ရသင့်ကြောင်း၊ ဥရောပဘောလုံးအဖွဲ့ချုပ်က ယင်းကိစ္စအတွက် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်မည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေဥက္ကဋ္ဌ လင်းနတ်ဂျိုဟန်ဆင်က ဆန်းဒေးတိုင်း(မ်)သတင်းစာသို့ ပြောကြားလိုက်သည်။

လီဗာပူးအသင်းက အေစီမီလန် အသင်းကို အစ္စတန်ဘူလ်မြို့၌ အနိုင်ရ ဗိုလ်စွဲပြီးနောက် မိမိတို့သည် စည်းမျဉ်း စည်းကမ်းများကို ပြင်ဆင်ဆွေးနွေး ရမည်ဖြစ်ကြောင်း၊ ဇွန် ၁၇ ရက်တွင် မန်ချက်စတာမြို့၌ ယူအီးအက်ဖ်အေ အမှုဆောင်ကော်မတီတစ်ရပ် ဆွေးနွေး ကာ လီဗာပူးအသင်း လာမည့်ဘောလုံး ရာသီတွင် ချန်ပီယံလိဂ် ဝင်ရောက် ယှဉ်ပြိုင်ကစားခွင့်ရရေး ဆုံးဖြတ်ချက် ချမှတ်ကြမည်ဖြစ်ကြောင်း၊ လာမည့် ၁၀ ရက်အတွင်း ယင်းကိစ္စကို ဖြေရှင်း ရန် လိုလားကြောင်း ၎င်းက ထပ် လောင်း ပြောကြားသည်။

ယူအီးအက်ဖ်အေ အမှုဆောင် အရာရှိ လားခ်ခရစ္စတာအော်ဆွန် ကလည်း လာမည့်လ ဆွေးနွေးပွဲတွင် ယင်းကိစ္စကို အဓိကထား ဆွေးနွေးကြ မည်ဖြစ်ကြောင်း အတည်ပြုပြောကြား လိုက်သည်။

မိမိတို့သည် ၎င်းကိစ္စအတွက် အစည်းအဝေးကြီးမကျင်းပမီ အလွန် အရေးကြီးကိစ္စဖြစ်၍ ဖုန်းဖြင့်လည်း ဆွေးနွေးကြရန် ပြင်ဆင်ထားကြောင်း ၎င်းက ပြောသည်။

အက်ဖ်အေက ပရီမီယာလိဂ် ထိပ်သီးလေးသင်းဖြစ်သော ချယ်လ်ဆီး၊ အာဆင်နယ်၊ မန်ချက်စတာ ယူနိုက်တက်နှင့် အယ်ဗာတန်တို့ကို လာမည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် အမည်တင်သွင်းထားသည်။

လီဗာပူးအသင်း ဗိုလ်စွဲခဲ့လျှင် ချန်ပီယံလိဂ်ပြိုင်ပွဲ အပိုတစ်နေရာ အတွက် ဆွေးနွေးကြရန်လည်း အက်ဖ် အေက ယခုလ စောစောပိုင်းက ယူအီး အက်ဖ်အေသို့ အကြောင်းကြား တင်ပြ ထားသည်။ မည်သို့ပင်ဖြစ်စေကာမူ ချန်ပီယံများသည် ယင်း၏သရဖူကို အမြဲတမ်းကာကွယ်နိုင်ခွင့် ရှိရမည်ဖြစ် ကြောင်း၊ မည်သည့်အခက်အခဲအတား အဆီးကိုမဆို ကျော်လွှားရမည်ဖြစ် ကြောင်း၊ ယင်းကိစ္စကို အပြည့်အဝ ထောက်ခံကြောင်း၊ မိမိအား ၎င်းကိစ္စ မေးမြန်းခဲ့လျှင် လီဗာပူးအသင်း လာ မည့်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ ပါဝင် သင့်သည်ဟု ဖြေကြားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေ ဥက္ကဋ္ဌ ဂျိုဟန်ဆင်က ပြောဆိုသည်။ **(အင်တာနက်)**

အေစီမီလန်အသင်းကိုနိုင်ပြီး ချန်ပီယံလိဂ်ဗိုလ်စွဲခဲ့သည့် လီဗာပူး အသင်းသားများအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ တရုတ်က ကျူးဘားအသင်းကို အနိုင်ရဗိုလ်စွဲ

ဘီလွန်(တရုတ်) မေ ၃၀

နိုင်ငံတကာ အမျိုးသမီးဘော်လီ ဘောပြိုင်ပွဲကိုတရုတ်နိုင်ငံအရှေ့တောင် ပိုင်း ဘီလွန်၌ မေ ၂၈ ရက်က ကျင်းပ ခဲ့ရာ တရုတ်အမျိုးသမီးအသင်းက ကျူးဘား အမျိုးသမီးအသင်းကို သုံး ပွဲ–တစ်ပွဲဖြင့်နိုင်ပြီး ဗိုလ်စွဲသွားသည်။

တရုတ် အမျိုးသမီးဘော်လီဘော အသင်းသည် ၎င်းဖလားရရှိရေးအတွက် ခုနစ်ပွဲကစားခဲ့ရာတွင် ငါးပွဲဆက်တိုက် အနိုင်ရခဲ့သည်။

ကျူးဘားအသင်းသည် ပထမ ပွဲစဉ်တွင် အိုလံပစ်နှင့် ကမ္ဘာ့ဖလား နှစ်ကြိမ်ဆုရှင် တရုတ်အမျိုးသမီး အသင်းအား အကြိတ်အနယ်ယှဉ်ပြိုင် ကစားခဲ့ရာ ရမှတ် နှစ်မှတ်အထိ ဦးဆောင်ကစားခဲ့သည်။

၁၀ မှတ်–၈ မှတ်အရောက်တွင် ကျူးဘားအသင်း၏ ရိုက်ချက်များကို တရုတ်အသင်းက ဆက်တိုက်ပိတ်ဆို့ ကာကွယ်နိုင်ခဲ့သည်။

ကျူးဘား အမျိုးသမီးအသင်း သည် အေသင်အိုလံပစ်အကြို ဗိုလ်လုပွဲ တွင် သုံးပွဲ–နှစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ဖူးသည်။

ထိုနေ့ စောစောပိုင်းက ဒိုမီနီကန် အမျိုးသမီးအသင်းက ဘူလ်ဂေးရီးယား အမျိုးသမီး ဘော်လီဘောအသင်းကို သုံးပွဲ–တစ်ပွဲဖြင့်နိုင်ပြီး ကြေးတံဆိပ် ဆွတ်ခူးသွားခဲ့သည်။ **(ဆင်ဟွာ)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ပညာတတ်လူမိုက်တစ်ယောက် ဖြစ်နေပြီလား။ အထူးသဖြင့် သားချစ်သော အဖေတစ်ယောက်အနေဖြင့် လူ့လောကထဲမှာ ကြာကြာနေနိုင်ဖို့၊ လိုင်းတံပိုး ထနေသော ဘဝပင်လယ်ပြင်၌ မိမိ မိသားစုကိုတင်၍ လိုရာခရီးနှင်နိုင်သော ဦးစီးပဲ့ကိုင်ကောင်း တစ်ယောက်ဖြစ်ဖို့ ကျန်းမာရေးကောင်းမှဖြစ်မည်။

ဤစိတ်ဓာတ်အင်အားများ စုစည်းတည်ဆောက်၍ မိသားစုအပေါ် ထားရှိသော မေတ္တာတရားကို အခြေခံ၍ ကျွန်တော် ဆေးလိပ်နှင့် ကွမ်းကို ယတိပြတ် ဖြတ်ခဲ့ပါသည်။ ကျွန်တော် ဆေးလိပ်ပြတ်ပြီ။ ကျွန်တော် ကွမ်းပြတ်ပြီ။

(၇)

ဆေးလိပ်ဖြတ်ပြီးကာမှ သွေးအန်သည့်လက္ခဏာ ပြခဲ့ခြင်းဖြစ်၏။ အံ့ဩမိသော်ငြား ကျွန်တော်မတုန်လှုပ်တော့ပါ။ သူ့ကို တုံ့ပြန်ရန်၊ ပြန်လည်တိုက်ပွဲဝင်ရန် ကျွန်တော့်ဘက်က အချိန်မီပြင်ဆင်ထားပြီး ဖြစ်နေသည်။ "မင်းကို ချုံခိုတိုက်ဖို့ ချဉ်းကပ်လာနေတဲ့ ရန်သူအုပ်ထဲက တစ်ယောက်။ ခလုတ်တိုက်မှောက်လဲပြီး ဖောင်းခနဲ ကျည်ထွက်သွားတဲ့ သဘောပေါ့ကွာ၊ စောစောစီးစီး Early Warning ရလိုက်တာ မင်းကံကောင်းပါတယ်။ နောင်အချိန်ကြာမှ သိရရင် လုပ်ရ၊ကိုင်ရ ခက်သွားပြီ"ဟု ဆရာသမားတစ်ဦးဖြစ်သူ ဆရာနီမင်းဆွေက စစ်သား လူထွက်ပီပီ မှတ်ချက်ပြုခဲ့သည်။ ညာဘက်ခြမ်းအဆုတ်တွင် အနာ ဖြစ်ပြီး သွေးအန်ထွက်လာခြင်း ဖြစ်သည်။ ယင်းကိစ္စကို သက်ဆိုင်ရာ သမားတော်နှင့်ပြသ၍ ညွှန်ကြားချက်အတိုင်း ကုသမှုခံယူခဲ့သည်။ **အကယ်၍များ နောင်နှစ်အတန်ကြာထိ ဆေးလိပ်တွေဆက်သောက်၊ ကွမ်းတွေ ဆက်စားလုပ်နေခဲ့သော် ဖြစ်ပေါ်ခံစားလာရမည့် ရောဂါ ဝေဒနာသည် ကုသ၍ရနိုင်သော အခြေအနေမျိုးမဟုတ်ဖို့က ကိုးဆယ့်ကိုး ရာခိုင်နှုန်း သေချာသည်။ ထိုအချိန်၊ ထိုအခြေအနေမျိုးအထိ ဖြစ်သွားခဲ့သော် ကျွန်တော် အသေအချာပြောရဲသည်မှာ မိသားစုဘဝ ပျက်ပြီ** ဟူ၍ပင်။

(၈)

ဆေးလိပ်အခိုးအငွေ့ကင်းစင်သော မိသားစုဘဝကို ကျွန်တော်တည် ဆောက်နိုင်ခဲ့ပါပြီ။ ကျွန်တော်သည် သားအတွက် မွေးနေ့လက်ဆောင် အမျိုးမျိုးပေးဖူးသည်။ တန်ဖိုးနည်းသည်၊များသည် အဓိကမဟုတ်။ တစ်စုံတစ်ခုပေးနိုင်လျှင်ပင် ကျွန်တော် အလွန်ဝမ်းသာပီတိ ဖြစ်ခဲ့ပါသည်။ ယခုတစ်ကြိမ်ပေးမည့် မွေးနေ့လက်ဆောင်မှာ ဆေးလိပ်မသောက်၊ ကွမ်းမစားခြင်း၊ တစ်နည်းပြောရလျှင် သားသမီးတိုင်းက ယုံကြည်လေးစား အားထားသော ဖခင်တစ်ယောက်၏ဘဝကို အပ်နှင်းလိုက်ခြင်းဖြစ်ပါ သတည်း။ ။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁–၅–၂၀၀၅)

World No-Tobacco Day(31-5-2005)

ဆေးလိပ်ဆေးရွက်ကြီး ဆန့်ကျင်ရေး၊

ကျန်းမာရေးပညာရှင်များ

ဦးဆောင်ပေး

Health Professionals against Tobacco

ကျန်းမာရေးဝန်ကြီးဌာန။

မြန်မာ့ရုပ်မြင်သံကြား

၃၁–၅–၂၀၀၅

(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ ကျောက်ကြီးပေါက်တံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တေးဂီတအစီအစဉ်
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅ ၆။ ခံစားနားဆင် တေးဇာတ်ဝင်
၁၇း၃၀ ၇။ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့တေးများ
၁၇း၄၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၁၀ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း–၉၈)
၁၈း၃၀ ၁၀။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၂။ တေးဂီတအစီအစဉ်
၁၉း၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉း၃၅ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟေမန်ဆောင်း၏ချစ်သံစဉ်"** (အပိုင်း–၂၂)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) ကျောင်းပရေး အထိမ်းအမှတ် လှူ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)
ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာစိုက်ထူပွဲ တောင်ကြီး၌ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့၌ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့နာယက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ နာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) ကျင်းပရေး အထိမ်းအမှတ် လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)
ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာ လားရှိုး၌စိုက်ထူ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၂၈ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)
ကျင်းပရေးမြေစိုက်ပိုစတာစိုက်ထူပွဲ ပုသိမ်မြို့၌ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာဖွင့်ပွဲကို မေ ၂၅ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်း ပုသိမ်မြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ပေး၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်ဩဝါဒါစရိယ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ပရိယတ္တိ ပါရဂူစာသင်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဂန္ဓမာနန္ဒ (အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ) ၏

ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်

မူခြင်း

ဆရာတော်လောင်းလျာသည် ရခိုင် ပြည် နယ် ဂွမြို့နယ် ဆပ်သွား အလယ်ရွာ ခမည်းတော် ဦးဖိုးလှ၊ မယ်တော် ဒေါ်လေးငယ်တို့မှ ၁၂၇၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၈ရက်တွင် ဖွားမြင် တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၅နှစ်သားအရွယ် ၁၂၈၅ခုနှစ်တွင် အလယ်ရွာဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ၁၂၉၀ပြည့်နှစ် တပေါင်းလဆန်း ၁၄ရက် နံနက်၈နာရီတွင် အလယ်ရွာဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ် ဂွမြို့နယ် ဆပ်သွား အလယ်ရွာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အရှင်အာဒိစ္စဝံသကျောင်းတိုက်ဆရာတော်၊ ဗားကရာတောရဆရာတော်၊ မန္တလေးမြို့ ခင်မကန်တိုက်ဆရာတော်တို့ထံ၌ ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက်၌ ၁၂၉၆ခုနှစ်မှ ၁၃၁၁ခုနှစ်အထိ ဒုတိယစာချဆရာတော်အဖြစ်လည်းကောင်း၊ ၁၃၀၃ခုနှစ်မှ ယခုအချိန်အထိ မိမိဒေသ ဆပ်သွားအလယ်ရွာတွင် ပရိယတ္တိ ပါရဂူစာသင်တိုက်ဖွင့်လှစ်၍ တပည့်ရဟန်း၊ သာမဏေတို့အား ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ နိဗ္ဗာနပါထေယျကျမ်း၊ သဒ္ဒမ္မပဋိပတ်ကျမ်းတို့ကို ထိုင်းဘာသာ ပြန်ဆိုရေးသားတော်မူ၍လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့တွင် မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ ပြည်နယ်သံဃာ့ဝန်ဆောင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်တို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒစသော ဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော ဆရာတော်ဘဒ္ဒန္တဂန္ဓမာနန္ဒအား ၁၉၉၇ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၄ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်းမှ သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၆)ဝါအရ ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက် (၂၀၀၅ခုနှစ် မေ ၂၉ရက်) တနင်္ဂနွေနေ့ ည ၉နာရီ ၁၅မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဂန္ဓမာနန္ဒဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် မေ ၃၀

နိုင်ငံတော် ဩဝါဒါစရိယ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ပရိယတ္တိ ပါရဂူစာသင်ကျောင်းတိုက် ပဓာနနာယက သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ ဘဒ္ဒန္တဂန္ဓမာနန္ဒ (အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်ဆရာတော်သည် ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော် ၇ရက် (၂၀၀၅ခုနှစ် မေ ၂၉ရက်) တနင်္ဂနွေနေ့ ည ၉နာရီ ၁၅မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ သံလွင်မြစ်နှင့်တနင်္သာရီမြစ်ပေါ်ရှိရေအားလျှပ်စစ်စီမံကိန်းများဖွံ့ဖြိုးရေးလုပ်ငန်း နားလည်မှုစာလွှာ (MoU) လက်မှတ်ရေးထိုးပွဲတက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၃၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော သံလွင်မြစ်နှင့် တနင်္သာရီမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထိုင်းနိုင်ငံ၌ကျင်းပမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့ နားလည်မှုစာလွှာ (MoU) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန်နှင့် Khlong Tha Dan R.C.C Dam သို့ သွားရောက်လေ့လာရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Opas Chantarasap၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

သံလွင်မြစ်နှင့် တနင်္သာရီမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် နားလည်မှုစာလွှာ (MoU) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန်နှင့် လေ့လာရေးခရီး သွားရောက်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

လုပ်ငန်းတာဝန်များ ကျေပွန်အောင်ဆောင်ရွက် နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မရှိအောင်ထိန်းသိမ်း

ရန်ကုန် မေ ၃၀

ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေမန်နေဂျာများ၊ စာရင်းကိုင်ချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒေသဆိုင်ရာတာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဌာနများအနေဖြင့် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေမှန်များ၊ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ အားနည်းချက် အားသာချက်များကို တင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဒေသတာဝန်ခံများနှင့် တာဝန်ရှိသူများက ဒေသအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ကြမည့် အစီအမံများနှင့် လုပ်ငန်းဆိုင်ရာများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဦးဖေသန်းတို့က ဌာနဆိုင်ရာများ၏ ရှင်းလင်းတင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မိမိတို့ဌာနအနေဖြင့် သတ်မှတ် လျာထားချက်များ ပြည့်မီအောင် ကြိုးစား ဆောင်ရွက်ကြသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော်ဘဏ္ဍာငွေများ အလေအလွင့် မရှိအောင်၊ GDP တိုးတက်အောင်၊ မတော်တဆမှုများ မဖြစ်ပေါ်အောင် အလေးထား ဆောင်ရွက်ကြရေး မှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန့်ရှင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ရန်ကုန်အရှေ့ပိုင်းခရိုင်၌ လုပ်ငန်းညှိနှိုင်း

ရန်ကုန် မေ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးများ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများ၊ စက်မှုဇုန်ဥက္ကဋ္ဌနှင့် ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အထူးသန့်ရှင်းရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်မှုများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက သဃ်န်းကျွန်းမြို့နယ်ခန်းမတွင် ကျင်းပရာ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ဝဲပုံ)**

တင်ပြဆွေးနွေး

အဆိုပါ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အသေးစိတ်ပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာကိစ္စများကို တင်ပြဆွေးနွေးကြပြီး အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်က နိဂုံးချုပ်စကားပြောကြားသည်။ **(၄၀၀)**

ဦးသုစိတ္တ (ဘာသိတာ) ရေးပြုသော
အတ္တမဲ့ဒါန
အသေလွတ်တရားတော်

U SannAung GROUP of IMAGING SERVICES
ဒီဂျစ်တယ်ဓာတ်ပုံ (၄" X ၆") များ အခမဲ့ ကူးပေးနေပါသည်။
D.LIT., PhD Philosophy (MCU)

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၁ခ/၅၅၄၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ ရန်ကုန်တိုင်း ခရိုင်ရုံး (အရှေ့ပိုင်း) သို့ လာရောက်ဆက်သွယ်ပါရန်။
ကညန၊ရန်ကုန်ခရိုင်ရုံး(အရှေ့ပိုင်း)

KMD LCCI Computerised Accounting
Paper Based & Computer Based

ဆရာမင်းခေါင် (မော်ကျွန်း) နှင့် ဆရာရွှေပြည်ဟိန်းတို့၏
ဝေဒပိဟာန် ဗေဒင်ဟောခန်းဖွင့်ပြီ
အမှတ် ၇၆၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဖုန်း-၀၉၉၉-၂၀၈၄၇၊ ၀၁- ၃၇၄၆၉၅
အခမဲ့သင်တန်း၊ ကေပီသင်တန်းဖွင့်မည်။

အမည်ပြောင်း
ဒဂုံမြို့သစ်တောင်ပိုင်း၊ အလက၊ အောင်စေတနာကျောင်း အငှမတန်း (က)မှ အဖဦးသိန်းချစ်-ဒေါ်ယဉ်ယဉ်လှတို့၏ သမီး မသင်းသဇင်ငြိမ်းအား မသင်းသဇင်ညိမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မသင်းသဇင်ညိမ်း။**

GAIN CITY
Open Daily

တိမ်ဖြစ်ထွန်းမည်
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B)နှင့်ဆက်သွယ်ပါ
Ph;01-378649
တိုက်အမှတ် ၁၇၊အခန်း၅၊ မြေညီထပ်၊ ဦးဝိစာရအိမ်ရာ၊ (မင်းမနိုင်) ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ (ပိတ်ရက်မရှိ)

မေတ္တာအတွေးများ

DECO-LAND
ပီနံမိုးရေကာဖျင်

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်

ရန်ကုန် မေ ၃၀

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၆၁လက်မ၊ ကော့သောင်းမြို့၌ ၁ဒသမ၂၆လက်မ၊ လွိုင်ကော်မြို့တွင် ၁ဒသမ ၀၂ လက်မတို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲထက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖြစ်မြဲထက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ မကွေးမြို့တွင် ၄၃ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မေ ၃၁ရက်ညနေအထိ ခန့်မှန်းချက်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင်ထစ်ချုန်းမည့် အခြေအနေများဖြစ်ပေါ်မည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

SAYA-TONY
IELTS - သင်တန်းများ
Spoken English Course
Grammar & Essay Writing Course
All Round Development (4 Skills)
Foreign Going English Course

လိပ်ခေါင်းဂရင်ဂျီနာစအိုနာ

သမ္မတ
ခေတ်မီအဆင့်မြင့်ပြင်ဆင်ပြီး တိုက်ခန်းများ
၁၀% off ဖြင့် (ဇွန်လ ၁ရက်နေ့မှ ၃၀ ရက်နေ့အထိ) ရောင်းချပေးနေပါပြီ။
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးတွင် တည်ရှိပြီး ကိုယ်ပိုင်ထရန်စဖော်မာဖြင့် ကိုယ်ပိုင်မီတာ၊ ဂျိုးဖြူရေကိုယ်ပိုင်ရေမီတာ၊ အိပ်ခန်းနှစ်ခန်းဖွဲ့၊ ခန်းလုံးပြည့် ပါကေးခင်း၊ ဘိုထိုင်၊ ကြွေဘေစင်၊ စတီးဘေစင်တပ်ဆင်ပြီး အိမ်သာ၊ရေချိုးခန်း၊ မီးဖိုချောင်ခန်းလုံးပြည့် ကြွေပြားကပ်/ခင်း၊ မြန်မာမှုများဖြင့် ဖန်တီးကာ ခေတ်မီ မီးပိုင်းအလှများပါ တပ်ဆင်ပေးထားပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အိမ်ဆောက်လုပ်ပြီးစီးကြောင်း လူနေထိုင်ခွင့်ပါမစ်ရရှိပြီး တိုက်ခန်းအကျယ်အဝန်းမှာ A ဆိုက်တွင် ပေ ၂၀ X ၄၅ ပေနှင့် B ဆိုက်မှာ ပေ၂၀X ပေ၅၀ လေးခန်းတွဲ ခြောက်ထပ်တိုက် ဖြစ်ပါသည်။ (ရောင်းရန်အခန်းများ သုံးလွှာ၊ လေးလွှာ၊ ငါးလွှာ၊ ခြောက်လွှာ၊ အခန်းစုံ)
တိုက်ခန်းတည်နေရာ - အမှတ် ၁၁၈ ၊ ရေတာရှည်လမ်းဟောင်း(လမ်းမကြီး) ၊ ဗဟန်းမြို့နယ်။
ဆက်သွယ်စုံစမ်းရန် - ဖုန်း-၀၉-၉၉-၂၄၃၆၃၊ ၇၀၄၀၆၆၊ ၅၄၅၃၉၅၊ ၅၅၈၃၇၅၊ ၀၉-၅၀၁-၅၆၄၇

အရည်အသွေးမြင့် အင်ဗာတာ အမျိုးမျိုး
အော်တို မီးအားမြှင့်စက် အမျိုးမျိုး လိုသလောက်ရပြီ။
SINCE-1986



ပညာပေးဟောပြော

မေ ၂၈ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ပြီး ပညာပေးဟောပြောစဉ်။ (၁၉၂)



အုတ်တွင်းမြို့ ဇမ္ဗူလုံးစေတီနှင့် အရံစေတီများ ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ

အုတ်တွင်း မေ ၂၇

အုတ်တွင်းမြို့ ဈေးကျောင်းတိုက်အတွင်းရှိ ဇမ္ဗူလုံးစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ ရွှေထီးတော်တင်လှူပူဇော်ပွဲကို မေ ၂၁ရက်က ဈေးကျောင်းတိုက်အတွင်း စေတီတော်မြတ်ကြီး၏ ရှေ့မျက်နှာစာ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပရာ တောင်ငူမြို့ ဓိဇြပင်သာသနာ့ရိပ်သာ ဆရာတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယ၊ အုတ်တွင်းမြို့ ဈေးကျောင်းတိုက် ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိလောက၊ စမတောင်ဆရာတော် ဘဒ္ဒန္တဝေပုလ္လ အမှူးပြုသော သံဃာတော် ၄၅ပါး ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ အုတ်တွင်းမြို့နယ်ဥက္ကဋ္ဌဦးမျိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးငွေဝင်း၊ မြို့နယ် သာသနာရေးဦးစီးမှူးဦးရဲရွှေနှင့် မတည်အလှူရှင်များဖြစ်ကြသည့် ကြယ်နီဆေးပေါ့လိပ် ပိုင်ရှင် ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းနွဲ့ မိသားစုများ၊ ဒေါ်သန်းသန်း သား ကိုခင်မောင်ကျော်-မဝင်းဝင်းလှိုင်နှင့် မိသားစုများ၊ သီးခြားအလှူရှင်များနှင့် ဓမ္မမိတ်ဆွေများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် ဈေးကျောင်းတိုက်ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်၍ ရေစက်သွန်းချ အမျှပေးဝေကာ ဈေးကျောင်းတိုက် ဆရာတော်နှင့်အလှူရှင်များက မင်္ဂလာမဏ္ဍပ်မှ ထီးတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပင့်ဆောင်ပြီး စေတီတော်အား လက်ယာရစ်ပတ်၍ လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ရွှေထီးတော်အား စည်ပင်သာဆရာတော် ဘဒ္ဒန္တဂန္ဓမာ ဦးဆောင်သော စည်ကြီးတင် ထီးတော်တင်အဖွဲ့မှ ပန်းရထားဖြင့် ထီးတော်များအား ဘုံအဆင့်အလိုက် တင်လှူပူဇော်ကြသည်။ **(ဝဲပုံ)** **(၃၁၆)**

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံ စေတီမြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန် အတွက်အလှူငွေပေးအပ်ပွဲကို မေ ၇ရက်က ဘုရားပရိဝုဏ်တွင် ကျင်းပရာ အလှူရှင် ရန်ကုန်မြို့ အောက်ပုဇွန်တောင် အမှတ် ၃၉၆ လမ်းမကြီးနေ အဘိုး၊အဘွား၊မိဘ များအားရည်စူး၍ ဒေါ်ကျင်ကျင်နှင့် မောင်၊ ညီမများတစ်စုက ငွေကျပ် ၁၅သိန်းပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင် မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

သတင်းစာပညာအကြောင်းဟောပြော

ကောလင်း မေ ၂၃

ကောလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော သတင်းစာပညာနှင့် ခေတ်မီ မီဒီယာများအကြောင်းဟောပြောပွဲကို မေ၁၅ရက်က ကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင်ဝင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)နှင့် အမှုဆောင်များ ရပ်ကွက်ကျေးရွာအုပ်စု အမှုဆောင်များ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်အသင်းအတွင်းရေးမှူးဦးတင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က သတင်းစာပညာနှင့် ခေတ်မီ မီဒီယာများအကြောင်းကို ဟောပြောပို့ချသည်။ **(၀၂၆)**

သရုပ်ပြလေ့ကျင့်

ပြည်မြို့ ခေတ္တရာမြို့သစ်ဈေး မီးဘေးလုံခြုံရေးစီမံချက်အရ ဧပြီ ၁၈ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့ သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားရေး မော်လိုက်မြို့ စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

မော်လိုက် မေ ၂၀

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးအတွက် မော်လိုက်မြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကိုမေ၁၂ရက်နံနက်၁၀နာရီက မော်လိုက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက အမှာစကားပြောကြားပြီး စာအုပ်အလှူရှင်များ ကိုယ်စား မြို့နယ်ဥပဒေအရာရှိ ဦးခင်မောင်ညို (ကိုညို-ဥပဒေ)က စာအုပ်များ ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက စာအုပ်များလှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက လက်ခံရယူပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက်(၃) ဒေါ်ခင်ဥက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ထားဝယ်ခရိုင် စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်းတာဝန်ပေးအပ်

ထားဝယ် မေ ၁၅

ထားဝယ်ခရိုင် စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၄ရက် နံနက် ၈နာရီက ထားဝယ်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌက မြို့နယ်ဥက္ကဋ္ဌများအား စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်းတာဝန် ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

တောင်ငူမြို့တွင် သူနာပြုနေ့အထိမ်းအမှတ် ကျင်းပ ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်း၊ ကျန်းမာရေးစစ်ဆေး

တောင်ငူ မေ ၂၂

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၁၂ ရက် နံနက်က တောင်ငူမြို့ သူနာပြုသင်တန်းကျောင်း၌ကျင်းပရာ တောင်ငူ ဆေးရုံအုပ်ကြီး ဒေါက်တာရစ်ချဒ်ဘိုနီ၊ သင်တန်းကျောင်းမှ ဆရာမကြီးများ၊ သူနာပြုဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သူနာပြုအုပ် ဒေါ်တင်ပိုက်နှင့် ကျောင်းအုပ် ဒေါ်စန်းဝင်းတို့က အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ ရည်ရွယ်ချက်များနှင့် ၂၀၀၅ ခု အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ ဆောင်ပုဒ်ဖြစ်သော လုံခြုံစိတ်ချ လူနာဘဝ ပြုစုသည်မှာ သူနာပြုပါ ဆောင်ပုဒ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် တောင်ငူမြို့ ကေတုမတီ ဘိုးဘွားရိပ်သာသို့ သွားရောက်ကြပြီး ရိပ်သာရှိ ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေးများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများနှင့် တစ်နေ့တာ အကျွေးအမွေးများဖြင့် လှူဒါန်းကုသိုလ်ယူကြသည်။ **(အောက်ပုံ)**

(၃၇၂)

ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြီးမှူး အဆို၊ အက၊ အတီးလေ့ကျင့်သင်ကြားမှု စွမ်းရည်ပြ

ကျုံပျော် မေ ၂၆

ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးလေ့ကျင့်သင်ကြားမှု ညအိပ်စခန်းချ သင်တန်းသား သင်တန်းသူများ၏ စွမ်းရည်ပြပွဲကို မေ ၂၀ရက် နံနက်က ကျုံပျော်မြို့ ရောမင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးသန်းအေးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက စွမ်းရည်ပြ ဖြေဖျော်တင်ဆက်ကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

ပေါင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်လှနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးအေးမင်းတို့ ဧပြီ၂၉ ရက်က မုတ္တမ-ရန်ကုန် အဝေးပြေး လမ်းမကြီးတစ်လျှောက် အရိပ်ရအပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ကြီးကြပ် ဆောင်ရွက်စဉ်။ (၂၆၀)

အောင်မြေသာစံအမျိုးသမီးရေးရာအဖွဲ့နှင့် ကျန်းမာရေးဌာနပူးပေါင်း ကလေးငယ်များအား ကာကွယ်ဆေးထိုး၍ ပညာပေးဟောပြောပွဲကျင်းပ

မန္တလေး မေ ၁၈

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစမှ ကိုးလအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ပညာပေးဟောပြောပွဲကို မေ ၁၃ရက် နံနက် ၉နာရီက မေဃာဝီရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာဒေါ်ခင်မာ ဆောင်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသောင်ငြိမ်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်ရီရီနှင့်အသင်းဝင်များ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မမလေးနှင့် အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များတက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ ကျန်းမာရေးအကြောင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာဒေါ်ခင်မာဆောင်းက မွေးကင်းစမှကိုးလအထိ ကာကွယ်ဆေးများ တိုက်ကျွေးရခြင်းအကြောင်းကို ပညာပေး ဟောပြောသည်။ **(ယာပုံ)**

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစမှ ကိုးလအထိ ကလေးငယ်များအား ကာကွယ်ဆေးများထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(၁၆၂)**

တောင်ကြီးမြို့နယ်တွင် ဇေယျာသီရိ စာကြည့်တိုက်ဖွင့်

တောင်ကြီး မေ ၁၅

တောင်ကြီးမြို့နယ် သံတွဲကျေးရွာအုပ်စု ကုန်းမို့ကျေးရွာတွင် ဇေယျာသီရိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၈ ရက် နံနက် ၈နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းခိုင်တို့က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ညောင်ရွှေမြို့တွင် မင်္ဂလာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ညောင်ရွှေ မေ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မင်္ဂလာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မေ ၁၃ရက် မွန်းလွဲ ၁နာရီက မင်္ဂလာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပသည်။

တည်တံ့ရေးရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးအကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် မင်္ဂလာစာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်စိန်၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ် ၅၀နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌက လက်ခံရယူသည်။

စာကြည့်တိုက်များဖွင့်လှစ်

အလားတူ နန်းပန်ရပ်ကွက်တွင် လင်းလက် စာကြည့်တိုက်၊ မိုင်းလီရပ်ကွက်တွင် မိုင်းလီစာကြည့်တိုက်တို့ကို ဖွင့်လှစ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကဝမြို့ သန့်ရှင်းသာယာလှပရေးအတွက်မြို့တွင်းလမ်းဘေးဝဲယာချုံနွယ်များရှင်းလင်းခြင်း၊သွေးလွန်တုပ်ကွေးရောဂါနှင့်ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ခြင်နှိမ်နင်းခြင်းလုပ်ငန်းများကို မေ ၁၃ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊အမှုဆောင်အရာရှိ ဦးတင်ရှိန်တို့ကဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (၂၄၀)

မေ ၃ရက်က တောင်သာမြို့ အမှတ်(၆)ရပ်ကွက်တွင် မြို့အင်္ဂါရပ်နှင့်ညီညွတ်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောသန်းဆွေ၊ အမှုဆောင်အရာရှိဦးကြင်အေး၊ မြို့နယ်မြေစာရင်း လက်ထောက်ဦးစီးမှူး ဦးအောင်ခင်၊ မြို့နယ် အတွင်းရေးမှူးဦးမျိုးသန့်နှင့် အမှတ်(၆) ရပ်ကွက် ဥက္ကဋ္ဌဦးထွန်းကြည်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ပင်းတယမြို့နယ်၌ ကျေးရွာအုပ်စုလုံးကျွတ်စာကြည့်တိုက်ဖွင့်

ပင်းတယ မေ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာအားလုံး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက် နံနက် ၉ နာရီက အင်းငယ်ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်ဖွင့်ပွဲကို အင်းငယ်ကျေးရွာ ပညာဂုဏ်ရောင်စာကြည့်တိုက်အား အင်းငယ်ကျောင်းဆရာတော် ဦးတိလောက၊ မြို့နယ်ဦးစီးမှူး ဦးမောင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမောင်ကြည်က စာကြည့်တိုက်ဖွင့်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အတွင်း အင်းငယ်ကျောင်းဆရာတော်က စာအုပ်မျိုးစုံ ၂၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်မျိုးစုံ ၁၀၀၊ အလှူရှင်များက အလှူငွေ ကျပ်၄၀၀၀ ပေးအပ်လှူဒါန်းကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆင်ပေါင်ဝဲမြို့တွင် အလှူရှင်စက်ရေတွင်းဖွင့်

ဆင်ပေါင်ဝဲ မေ ၂၂

ဆင်ပေါင်ဝဲမြို့ ဆင်မတောင်ကျေးရွာ စက်ရေတွင်း အလှူရှင် ဗိုလ်မှူးကြီးလှမြင့်နှင့် ညီမ ဒေါ်မေမေအောင် တို့အား ရည်စူး၍ ဒေါ်မြင့်မြင့်ဝင်းနှင့် ဦးစိန်ဝင်းတို့၏ ငွေကျပ် ၁၂၅၀၀၀၀လှူဒါန်းငွေဖြင့် ဆောင်ရွက်ပြီးစီးသော စက်ရေတွင်းဖွင့်ပွဲ အခမ်းအနား ကို ဧပြီ ၁၈ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေတို့ကဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။ အဆိုပါ စက်ရေတွင်းမှာ တစ်နာရီ ရေထွက်နှုန်း ဂါလန် ၁၀၀၀ထွက်ရှိသဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိပြီဖြစ်သည်။ **(မြို့နယ် စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

တာဝန်ပေးအပ်

မေ ၁၀ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်၏ ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်း လျာထားချက်ပြည့်မီရေး တာဝန်ပေးအပ်ရာ နောင်မွန်ကျေးရွာအုပ်စု စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအုပ်စု တာဝန်ခံ ဒုတိယရဲမှူးဉာဏ်အေးအား မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးက တာဝန်ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သာယာဝတီဈေးနှင့် သုံးဆယ်ဈေးတို့တွင် မေ ၁၄ရက်က ခြင်ဆေးဖျန်းခြင်းကို ဒုတိယ ဦးစီးမှူး (အခွန်)ဦးငွေလွင်နှင့် စည်ပင်သာ ယာ ဈေးဝန်ထမ်းများနှင့် ဈေးမိ ဈေးဖများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁-၆-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ခေတ်မီစက်ရုံများနှင့် ကျွမ်းကျင်လုပ်သားများ၏ အခန်းကဏ္ဍအကြောင်း)

၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ခေါင်းဆောင်မှုနှင့် ပတ်သက်သည့် စာတိုပေစများ-ဦးလှမင်း)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ကြေးထွင်းပုံနှိပ်ပန်းချီ)(ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၃၀ အစာနှင့်အာဟာရ(ကြေးအိုးပြုတ်နှင့် ကြေးအိုးဆီချက်)

၁၇း၄၅ အဆိုအကအရေးအတီးဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ ဒေါ်စိန်စိန်ရင်၏ ဒုံမင်းလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဒဿနရှုခင်း(သုံး) ဘဝဒဿန ကဗျာများ (အရှင်သံဝရာလင်္ကာရ)
(၂) ရွှင်ပျော်ပျော်မင်းသားလေးနှင့် အခြားပုံပြင်များ (မောင်သိန်းလွင်ပြန်ဆိုသည်)

၁၉း၁၅ (Ally)တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော "စာစာ"၏ "ဇာတ်လမ်း"တေးစီးရီး

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် မေ ၂၀ရက်က ခြင်ဆေးဖျန်းစက်ဖြင့် ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။
(မြို့နယ် စည်ပင်)

ပါဠိပထမပြန်စာမေးပွဲအောင် ယောဂီသီလရှင်များ ဂုဏ်ပြုဆုနှင်းပွဲ ကျွန်းလှ၌ကျင်းပ

ကျွန်းလှ မေ ၂၅

ပါဠိပထမပြန် စာမေးပွဲအောင် ယောဂီသီလရှင်များအား စာအောင် ဂုဏ်ပြုဆုနှင်းသဘင်ပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်း ကျွန်းလှမြို့ မြို့ဦးရွှေကျောင်းကျောင်း သာသနာ့ဥယျာဉ် အမှတ်(၃) ယောဂီ သီလရှင်စာသင်တိုက်တွင် မေ၁၇ရက်ကကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့ဦးရွှေကျောင်းကျောင်းဆရာတော် ဦးဇာနေယျထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ မြို့နယ်သာသနာရေး ဦးစီးမှူး ဦးဇော်သိန်းဦးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တက်ရောက်လာသော အလှူရှင်များကလှူဖွယ်ပစ္စည်းများဆက်



ကပ်လှူဒါန်းကြပြီး**(အပေါ်ပုံ)** မြို့ဦးရွှေကျောင်းကျောင်းဆရာတော် ဦးဇာနေယျထံမှ ရေစက်ချအနုမောဒနာ တရားနာကြားကြသည်။**(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အမရပူရမြို့နယ်တွင် ပညာပေးဟောပြောပွဲ ကျင်းပ

အမရပူရ မေ ၂၆

အမရပူရမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၂၁ရက် နံနက် ၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရည်ရွယ်ချက်ရှင်းလင်း

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်လှလှဌေးက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ ကျင်းပပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ပညာပေးဟောပြော

ဆက်လက်၍ မြို့နယ်ဆရာဝန် ဒေါက်တာ ဒေါ်သီတာဝင်းက ဆေးလိပ်သောက်သုံးခြင်းဖြင့် ရရှိလာနိုင်မည့် တီဘီရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ အစာအိမ်ရောဂါနှင့် အဆုတ်ကင်ဆာရောဂါများ ဖြစ်ပွားလာနိုင်သဖြင့် ဆေးလိပ်သောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်ကြောင်း ပညာပေးဟောပြောသည်။ **(၂၀၉)**

အမြို့မြို့ အနယ်နယ် သတင်းများ

တန့်ဆည်မြို့တွင် မိုးသီးနှံစုံစီမံကိန်း တာဝန်ပေးအပ်ပွဲကျင်းပ

တန့်ဆည် မေ ၂၀

မိုးသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၄ ရက် နံနက်က တန့်ဆည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးက အမှာစကား ပြောကြားပြီး မြို့နယ်စီမံကိန်း ဦးစီးမှူး ဦးမျိုးကိုကိုက စီမံကိန်းတာဝန်ပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းဆွေးနွေးရာ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကြင်မောင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဝင်းတို့က မိုးသီးနှံစုံစီမံကိန်းလျာထားချက်များကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးက မိုးသီးနှံစုံစီမံကိန်းတာဝန်များကို ကျေးရွာအလိုက် ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

မေ ၆ရက်က ထားဝယ်မြို့ ဆင်ဆိပ်လမ်းအား ၂၆ပေမှ ၄၂ပေထိ တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကြည်နှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ပခုက္ကူမြို့၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ၊ ဆရာမများ စွမ်းရည်မြှင့် သင်တန်းဆင်း

ပခုက္ကူ မေ ၂၀

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ၊ဆရာမများစွမ်းရည်မြှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၄ ရက်နံနက် ၈နာရီက ပခုက္ကူမြို့ ဆုကြီးပန်တောင် နိကာယအောင်မင်္ဂလာ ရွှေကျောင်းတော်ကြီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မောင်မောင်အုန်းနှင့် အရာရှိများ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဌေးဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကြီးကြပ်မှု ကော်မတီဝင်များ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရက ဩဝါဒကထာ မြွက်ကြားတော်မူပြီး သင်တန်းဆင်းလက်မှတ်များကိုပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်များမှ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဆရာ၊ ဆရာမများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မောင်မောင်အုန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

(၄၁၃)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မိုးညှင်းမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့ပြသ၊ မီးသတ်ဆေးဘူး အသုံးပြုပုံရှင်းလင်း

မိုးညှင်း မေ ၂၅

မိုးညှင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် မေ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးနှင့် အငယ်တန်းအင်ဂျင်နီယာများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒုတိယဦးစီးမှူး ဦးသန်းဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးမိဈေးဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသူက မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက နန့်ရင်းချောင်းမှ ရေစုပ်စက်ဖြင့် ဈေးမီးသတ်ကန်အတွင်း ရေဖြည့်တင်းခြင်း၊ ရေကန်မှ မီးသတ်ပိုက်ငယ်ဖြင့် အရေးပေါ် မီးငြိမ်းသတ်ခြင်း၊ ဈေးဆိုင်ခန်းများတွင် အသင့်ချိတ်ထားရှိသော မီးသတ်ဆေးဘူးများဖြင့် လက်တွေ့အသုံးပြု မီးငြိမ်းသတ်ခြင်းတို့ကို ပြသကြသည်။ **(၁၅၂)**

မေ ၃၀ ရက်က ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းဘေးဝဲယာတွင် ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးခြင်းနှင့် သစ်ပင်များ ကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မင်းဘာကြီး လမ်းဝဲယာတွင် အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးဝေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ဆားလင်းကြီးမြို့နယ် ကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ဆားလင်းကြီး မေ ၁၉

ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်တွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ သမ္မတောကျေးရွာအုပ်စု လုံးကျွတ် စာကြည့်တိုက်များဖွင့်ပွဲကို မေ ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဆားလင်းကြီး မြို့နယ်ပြန် ကြား ရေး နှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက် လက်ထောက်(၃) ဦးချိုချိုအောင် က စာကြည့်တိုက် ရေရှည်တည်တံ့ရေးကို ဟောပြောပြီး ဓာတ်ပုံ ကျွမ်းကျင်(၂)ဦးအောင်သီဟက စာအုပ်မျိုးစုံ ၅၀စီ ပေးအပ်လှူဒါန်းသည်။

ယခု ဖွင့်လှစ်သော စာကြည့်တိုက်များမှာ သမ္မတောကျေးရွာတွင် ကုမုဒြာစာကြည့်တိုက်၊ ရွာသစ်ကုန်း ကျေးရွာတွင် ဆုကျော်စာကြည့်တိုက်နှင့် အောင်ချမ်းသာ ကျေး ရွာ တွင် မာန်ဝင့် စာကြည့်တိုက်တို့ ဖြစ်ကြောင်း သိရသည်။ (၃၄၆)

● ***ရှေ့ဖုံးမှ***

နိုင်ငံ့သားကောင်း

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် ပညာရည်အဆင့် မြင့်မားသော အသင်းဝင်မျိုးဆက်သစ်လူငယ်များကို နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံတော်နှင့်အသင်းကြီးက အားထားရသည့် အမျိုးသားရေး အင်အားတစ်ရပ်အဖြစ် စုစည်းပျိုးထောင် ဖော်ထုတ်လေ့ကျင့်ပေးရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်နေခြင်းဖြစ်ကြောင်း။

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် အမျိုးသားနိုင်ငံရေး ဘာသာရပ်၊ နိုင်ငံတော်လုံခြုံရေးရာဘာသာရပ်၊ စီးပွားရေးတိုးတက်အောင်မြင်မှုများ၊ လူမှုရေးတိုးတက်အောင်မြင်မှုများ၊ နိုင်ငံတကာရေးရာ ဘာသာရပ်များကို ဌာနဆိုင်ရာအကြီးအကဲများကိုယ်တိုင် ဆွေးနွေးပို့ချခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေး

နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးလုံးကို စုစည်းဆက်စပ်လေ့လာခွင့် ရရှိကြပြီး နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို ပြည့်ပြည့်စုံစုံ သိမြင်ခဲ့ကြပြီးဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ လေ့လာမှုများအပြင် ဒေသတွင်းနှင့် နိုင်ငံတကာ ဆက်ဆံရေးကိုလည်း နှံ့နှံ့စပ်စပ်သိအောင် ဆွေးနွေးပို့ချခဲ့ပြီးဖြစ်ကြောင်း။

ကမ္ဘာ၏ဖြစ်စဉ်များသည် အဘက်ဘက်မှ ဆက်စပ်ယှက်နွယ်ဖြစ်ပေါ်နေခြင်းကြောင့် အပြည်ပြည်ဆိုင်ရာကဏ္ဍကို အရင်းအမြစ်ကျကျ သိရှိနားလည်ပြီး

စာမျက်နှာ ၈ ကော်လံ ၁ ■

ကိုယ်ကျိုးစွန့်လွှတ်သည့် နိုင်ငံ့သားကောင်းများဖြစ်လာရေး လေ့ကျင့်ပျိုးထောင်

- ❑ လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးကောင်း၊ ပင်ကိုအရည်အချင်းကောင်းများကို အပတ်တကုတ် ကြိုးစားအားထုတ်နေသည့် လူတော်များ၊ ကိုယ်ကျင့်တရား၊ အကျင့်၊ သိက္ခာ၊ သီလကောင်းပြီး အများအပေါ်ကောင်းသည့် လူကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်၊
- ❑ နိုင်ငံတော်နှင့် အသင်းကြီးအတွက် ကိုယ်ကျိုးစွန့်လွှတ် စွန့်စားသည့် နိုင်ငံ့သားကောင်းများဖြစ်လာရေး အတွက် လေ့ကျင့်ပျိုးထောင်နေခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် ပံ့ပိုးဆောင်ရွက်ပေးနေခြင်းဖြစ်၊
- ❑ လေ့လာရေးလူငယ်များသည် ယခုနှစ် မေ ၇ ရက်နှင့် ၈ ရက်နေ့တို့တွင် ပထမမြန်မာနိုင်ငံတော်ကြီး တည်ဆောက်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တွေ့ဆုံခဲ့ကြပြီး နီးနောဖလုယ်ပွဲကြီးကို ကျင်းပနိုင်ခဲ့၊ နီးနောဖလုယ်ပွဲကြီးတွင် လူငယ်ကိုယ်စားလှယ်အားလုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရေးသန္နိဋ္ဌာန်စိတ်ဖြင့် ကတိသစ္စာငါးရပ်ကို ကတိသစ္စာပြုခဲ့ကြ၊
- ❑ ယင်းကတိသစ္စာငါးရပ်သည် နိုင်ငံတော်ကြီးကို ကာကွယ်ရန်နှင့် တည်ဆောက်ရန်အတွက် ရာသက်ပန် စွဲမြဲခံယူကြရမည့် ကတိသစ္စာများဖြစ်၊ စွဲမြဲသည့် ကတိသစ္စာများနှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒများ အောင်မြင်သည်အထိ အသင်းဝင်များ ပူးပေါင်းတည်ဆောက်။

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယတပ်မတော်အားကစားအဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်အားကစားအဖွဲ့ခေါင်းဆောင် Col. VS Kandari အား ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်အားကစားအဖွဲ့ခေါင်းဆောင်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia နှင့် စစ်သံမှူး Col. Jasvinder Singh Chopra တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

31-5 (20) 1 3/24/05, 11:47 AM